ပဏ္ဍိတာနဉ္စ သေဝနာ ဧတံ မင်္ဂလ မုတ္တမံ၊ ပညာရှိကို ဆည်းကပ်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်၊ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၄၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ပင်မဆောင်နေရာကြည့်ရှုစစ်ဆေး

ဖေဖော်ဝါရီ ၁၅ ရက်က မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပင်မဆောင်တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း-၈) (သတင်းစဉ်)

ယနေ့ထုတ်စောင်ရေ

၂၀၀၈၄၇

နိုင်ငံတော်ဝန်ကြီးချုပ် ပခုက္ကူချည်မျှင်နှင့်အထည်စက်ရုံစီမံကိန်းစစ်ဆေး စက်ရုံ၌အလိုအလျောက်လွန်းပြောင်းရက်ကန်းစက်တပ်ဆင်မှုကြည့်ရှု စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလထက်စောပြီးရေးကြိုးပမ်းရန်မှာကြား

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ပခုက္ကူမြို့ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ပခုက္ကူချည်မျှင်နှင့် အထည်စက်ရုံစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၁၇

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်း ပခုက္ကူမြို့ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်း ပခုက္ကူချည်မျှင်နှင့် အထည်စက်ရုံ စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ပခုက္ကူချည်မျှင်နှင့် အထည်စက်ရုံတည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်၊ တစ်မျိုးသားလုံးလိုအပ်ချက်အပေါ် ဖြည့်ဆည်းနိုင်မှုအခြေအနေ၊ အဓိကကုန်ကြမ်းလိုအပ်ချက်၊ ချည်မျှင်ရှည်ဝါဂွမ်းလိုအပ်ချက်နှင့် တစ်ပြည်လုံး ဝါစိုက်ပျိုးထုတ်လုပ်မှုအခြေအနေ၊ မိမိဝန်ကြီးဌာန အစီအစဉ်ဖြင့် ချည်မျှင်ရှည်ဝါရရှိအောင် ဆောင်ရွက်မှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ▼



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

အိမ်ရာစီမံကိန်း ရည်မှန်းချက် အောင်မြင်ရေး စနစ်တကျ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ရန်ကုန်မြို့တော်ကြီးသည် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတွင် အချက်အချာကျသည့် ဗဟိုဌာနကြီးဖြစ်သည်။ နိုင်ငံတကာဆက်သွယ်ဆက်ဆံရေးတွင် ဗဟိုချက်သဖွယ်ဖြစ်၍ နိုင်ငံ့ဂုဏ်ကျက်သရေဆောင် မြို့တော်ကြီးလည်းဖြစ်သည်။

အရှေ့တောင်အာရှနှင့် အာရှဒေသအတွင်းရှိ မြို့တော်ကြီးများသည် စိမ်းလန်းသာယာလှပသည့် အပန်းဖြေဥယျာဉ်ကြီးများ၊ ပန်းခြံကြီးများဖြင့် လှပတင့်တယ်စွာ ဖြစ်ထွန်းလျက်ရှိကြသည်။

နိုင်ငံတော်အစိုးရက ရန်ကုန်မြို့တော်ကြီးကိုလည်း နိုင်ငံတကာအဆင့်မီမြို့တော်ကြီးများ၏ ဂုဏ်အင်္ဂါရပ်များနှင့်ညီညွတ်စေရန် စိမ်းလန်းစိုပြည်သာယာတင့်တယ်သည့် ဥယျာဉ်မြို့တော်ကြီးအဖြစ် စနစ်တကျအဆင့်မြှင့်တင် တည်ဆောက်ပေးလျက်ရှိသည်။

မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၄)ကို ဖေဖော်ဝါရီလ ၁၄ရက်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့တော်အိမ်ရာစီမံကိန်းကြီးကြပ်ကွပ်ကဲမှု ကော်မတီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က အမှာစကား ပြောကြားရာတွင်

"ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာမြို့တော်ကြီးများ၏ အင်္ဂါရပ်များနှင့် ညီညွတ်စေရေး၊ မြို့တော်နေ ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်စွာနေထိုင်နိုင်ရေးနှင့် လူနေမှုဘဝအဆင့်အတန်းတိုးတက်မြင့်မားစေရေးတို့အပါအဝင်အများပြည်သူအကျိုးဖြစ် ထွန်းစေမည့်ရည်ရွယ်ချက်များဖြင့် မြို့တော်အိမ်ရာစီမံကိန်းများကို စနစ်တကျကြီးကြပ်ကွပ်ကဲ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးအတွက် မြို့တော်အိမ်ရာစီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီကို ဖွဲ့စည်းပြီး လုပ်ငန်းများစီမံဆောင်ရွက်လျက်ရှိကြောင်း"

ပြောကြားသွားသည်။

ရန်ကုန်မြို့တော်ကြီးသည် ယခင်ခေတ်ကာလက မြို့တော်အင်္ဂါရပ်များနှင့် ညီညွတ်သော လူနေရပ်ကွက်များ၊ အိမ်ရာအဆောက်အအုံများ စနစ်တကျတည်ဆောက်ထားမှုမရှိခြင်း၊ သန့်ရှင်းသောသောက်သုံးရေ ရရှိမှုမလုံလောက်ခြင်း၊ သန့်ရှင်းရေးစနစ်၊ မိလ္လာစနစ်များ စနစ်တကျတည်ဆောက်ထားမှု အားနည်းခြင်းတို့ကြောင့် မြို့တော်နေပြည်သူများအတွက် ပတ်ဝန်းကျင်ကောင်းအဖြစ် ရပ်တည်နိုင်ခြင်းမရှိခဲ့ချေ။

ထို့ကြောင့် မြို့ပြစီမံကိန်းများနှင့်အညီ အဆင့်အတန်းမီသည့် တိုက်တာအဆောက်အအုံများ တည်ဆောက်နိုင်ရေး၊ မြို့ကွက်စနစ်ကျနပြီး ကျန်းမာရေးနှင့်ညီညွတ်သောပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရေးအတွက် မြို့တော်အိမ်ရာစီမံကိန်းကြီးကြပ်ကွပ်ကဲမှုကော်မတီက အိမ်ရာစီမံကိန်းများကို ရန်ကုန်မြို့တော်ကြီး၌ အပိုင်းလိုက်စနစ်တကျစီမံအကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီသည် အိမ်ရာစီမံကိန်းများသာမက ရန်ကုန်မြို့တော်ကြီးကို သန့်ရှင်းသပ်ရပ်သာယာလှပပြီး နေချင်စဖွယ်မြို့တော်ကြီးအဖြစ် တင့်တယ်စွာ ဖြစ်ထွန်းလာစေရန် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူများ သွားလာမှု လွယ်ကူစေရေး၊ အန္တရာယ်ကင်းရှင်းစေရေးအပြင် ရန်ကုန်မြို့လယ်ရှိ ကန်တော်ကြီးဝန်းကျင်ဒေသများနှင့် အင်းလျားကန်ကြီးတို့ကို မြို့တော်နေပြည်သူများအတွက် အပန်းဖြေနားနေရာ အဆင့်မြင့်အပန်းဖြေဥယျာဉ်ကြီးအဖြစ် ပေါ်ထွန်းလာစေရေး၊ အဆင့်မြင့်ဆယ်ဖို့မှု၊ သာယာလှပတင့်တယ်သည့် ကန်ပေါင်များ တည်ဆောက်ပေးမှုစသည်ဖြင့် စနစ်တကျအဆင့်မြှင့် မွမ်းမံတည်ဆောက်ပေးလျက်ရှိသည်။

ထို့အပြင် မြို့တွင်းရှိ အဓိကလမ်းမကြီးများ၊ အချက်အချာကျသည့် လမ်းမကြီးများကို အဆင့်မြှင့်တင်တိုးချဲ့တည်ဆောက် ပေးနေသည်။ ပြည်သူများသွားလာမှုလွယ်ကူစေရေး၊ အန္တရာယ်ကင်းရှင်းရေးအပြင် အဆင့်မြင့်မြို့တော်ကြီးများ၏ အင်္ဂါရပ်များနှင့် ညီညွတ်စေရေးအတွက် ညီညာကျယ်ပြန့်သည့် လမ်းမကြီးများဖြစ်လာစေရန်၊ လမ်းဘေးဝန်းကျင် စိမ်းစိုသာယာလှပစေရန် လမ်းများချဲ့ထွင်ခြင်း၊ လျှပ်စစ်မီးတိုင်များ ပြင်စိုက်ခြင်း၊ အဝိုင်းကြီးများ၊ လမ်းလယ်ကျွန်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ ရန်ကုန်မြို့တော်ကြီးသည် တစ်နေ့တခြား သာယာလှပတင့်တယ်စိုပြည်လာခဲ့ပြီး အဆင့်အတန်း တိုးတက်မြင့်မားလာနေပြီဖြစ်ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အိမ်ရာစီမံကိန်း လုပ်ငန်းရှင်များ၏ စနစ်တကျပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုဖြင့် မြို့တော်အိမ်ရာစီမံကိန်းများ ရည်မှန်းချက်နှင့်အညီ အောင်မြင်ဖြစ်ထွန်းလာမည်ဟု ယုံကြည်ပါသည်။ ။

ဇန်နဝါရီ ၃၁ ရက်က တောင်ဥက္ကလာပမြို့နယ် အမှတ် (၂၃) အခြေခံပညာမူလတန်းကျောင်း ၂၀၀၂-၂၀၀၃ ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ကျောင်းခန်းမတွင်ကျင်းပရာလေးနှစ်ဆက်တိုက် ပထမဆုရ မောင်ဝေယံမင်းအား ပညာရေးမှူး ဒေါ်စန်းစန်းနွယ်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဖေဖော်ဝါရီ ၁၂ ရက်က ရန်ကင်းမြို့နယ် (၁၆) ရပ်ကွက် ရွှေပြည်ဟိန်း ကျန်းမာရေးယာဉ် အလှူအသင်းအတွက် စမ်းချောင်းမြို့နယ် မြေနီကုန်းဓမ္မာရုံ ဗုဒ္ဓဝေယျာဝစ္စအဖွဲ့က အလှူငွေကျပ် တစ်သိန်းကိုလှူဒါန်းရာ ဆရာတော် အရှင် ခေမာသီရိလင်္ကာရက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က-ပ)

ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ လူမှောင်ခိုနှင့်လူကုန်ကူးမှုတားဆီးကာကွယ်ရေးပညာပေးဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်း အသိပညာပေး ဟောပြောပွဲကို ယမန်နေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းအလုံမြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ အထောက်အကူပြုအဖွဲ့ဝင် ရန်ကုန်တိုင်းတရားရုံး တိုင်းတရားသူကြီး ဦးအောင်ငွေက "တရား ဥပဒေနှင့် အမျိုးသမီးရေးရာကဏ္ဍ"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥပဒေရေးရာ လေ့လာအကြံပြုရေးလုပ်ငန်းအဖွဲ့ဝင် ရန်ကုန်တက္ကသိုလ်ဥပဒေဌာန ပါမောက္ခဒေါက်တာဒေါ်သန်းနွဲ့က "လူမှောင်ခိုနှင့် လူကုန်ကူးခြင်းကိုတိုက်ဖျက်ရန် လူတိုင်းတွင် တာဝန်ရှိသည်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းအဖွဲ့ အထောက်အကူပြုအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်မှ ဒုတိယရဲမှူးကြီး ရာလျှံမုန်းက "မြန်မာနိုင်ငံ၏ လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်း" ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ရှင်းလင်းဟောပြောကြသည်။

ထို့နောက်ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ပတ်သက်သည့် အသိပညာပေး ရှင်းလင်းဟောပြောသည့် ပုဂ္ဂိုလ်များအား လက်ဆောင် ပစ္စည်းများ ပေးအပ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ညောင်တုန်းမြို့နယ်အသင်း ဆွမ်းကြီးလောင်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ညောင်တုန်းမြို့၌ နှစ်စဉ် ကျင်းပမြဲဖြစ်သော ဘုရားကြီးငါးဆူ ပူဇော်ခြင်း၊ တပေါင်းလပြည့်နေ့ (မတ် ၅) ရက်တွင် သံဃာ၊ သီလရှင် အပါး၄၀၀ ကျော်တို့အား မြို့လုံးကျွတ် ဆွမ်းကြီးလောင်းလှူပွဲနှင့် ညောင်တုန်းမြို့ ပုဏ္ဏာမာရာမ ဈေးကျောင်းတိုက် ပဓာနနာယကဆရာတော်အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ ဩဘာသာဘိဝံသအား နိုင်ငံတော်က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသည့်အတွက် ချီးကျူး ပူဇော်ပွဲကို မတ် ၂၀ ရက်တွင် ညောင်တုန်းမြို့နယ်အသင်းက ပါဝင်လှူဒါန်းပူဇော်ကြမည်ဖြစ်ရာ အမှတ်၂၇၅ (ပ-ထပ်) ခုံးကျော်တံတားအနီး ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၀၁၀၆ အသင်းတိုက်သို့ မတ် ၂ရက် နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ဖေဖော်ဝါရီ ၁၁ ရက်က (၅၇)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် တွံတေးမြို့နယ် တမံကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ သိန်း ၁၀၀ တန် နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲကို ယင်းကျောင်းဆောင်သစ်ရှေ့၌ကျင်းပရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ရန်ကုန်မြို့တော်မှ ဒုတိယညွှန်ကြားရေးမှူး ဦးနုနှင့် အလှူရှင်များကိုယ်စား အလှူရှင် ဦးတင်စန်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

သြဝါဒပါတိမောက်(ကျောက်စာ)များ ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာအသင်းချုပ်မှ ရေဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ဘုရားလေးဆူ မြတ်မော်တင်စွန်းဘုရားနှင့် ပုသိမ်မြို့ ရွှေမုဋ္ဌောဘုရားဌ္ဍ စိုက်ထူဖွင့်လှစ်ပြီးသော သြဝါဒပါတိမောက်(ကျောက်စာ)များကို ပူဇော်ပွဲသို့ ဖေဖော်ဝါရီ ၂၇ ရက်(သောကြာနေ့) မွန်းလွဲ၂နာရီမှစ၍ပြည်တွင်းရေကြောင်းပို့ဆောင်ရေး သုံးထပ်သင်္ဘောကြီးဖြင့် သွားရောက်မည်ဖြစ်ရာ မင်္ဂလာဗျူဟာအသင်းချုပ်သို့ လာရောက်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

❑ ***နိုင်ငံတော်မှ***

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရွှေအင်ကြင်းရိပ်မွန်အိမ်ရာမှ အိမ်ခန်းများပြင်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးကြသည်။

တက်ရောက်ချီးမြှင့်

ဆောက်လုပ်ရေး ဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ရွှေမာလာဆောက်လုပ်ရေးက တည်ဆောက်ခဲ့သည့် ရွှေအင်ကြင်းရိပ်မွန် အိမ်ရာဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ရက် နံနက်၈နာရီတွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်ရှိ ရွှေအင်ကြင်းရိပ်မွန် အိမ်ရာစီမံကိန်း၌ကျင်းပရာ မြို့တော်အိမ်ရာစီမံကိန်း ကြီးကြပ်ကွပ်ကဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသောနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တို့ တက်ရောက်ချီးမြှင့်ကြသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ရွှေမာလာဆောက်လုပ်ရေး မန်နေဂျင်း ဒါရိုက်တာနှင့် အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရွှေအင်ကြင်းရိပ်မွန် အိမ်ရာဖွင့်ပွဲကို အဝင်မုခ်ဦး၌ စတင်ကျင်းပသည်။

ရွှေအင်ကြင်းအိမ်ရာဖွင့်လှစ်

အစီအစဉ်အရ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအံ့ကျော်နှင့် ရွှေမာလာဆောက်လုပ်ရေး မန်နေဂျင်းဒါရိုက်တာ ဦးအောင်ထွေးတို့က ဖဲကြိုးဖြတ်၍ ရွှေအင်ကြင်းရိပ်မွန်အိမ်ရာကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရွှေမာလာဆောက်လုပ်ရေးမန်နေဂျင်းဒါရိုက်တာ ဦးအောင်ထွေးက ရွှေအင်ကြင်းရိပ်မွန်အိမ်ရာ စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် Golden Flower Co.,Ltd. သည် ဘုရင့်နောင်လမ်းမကြီးပေါ်တွင် ရွှေမာလာရိပ်မွန်၊ ရွှေစပယ်ရိပ်မွန်၊ ရွှေပုန်းညက်ရိပ်မွန်၊ ရွှေပိတောက်ရိပ်မွန်၊ ရွှေသရဖီရိပ်မွန်စသည့် ရိပ်မွန်ငါးခုကို ၁၉၉၇ ခုနှစ်မှ ၂၀၀၁ ခုနှစ်အတွင်း အောင်မြင်စွာ တည်ဆောက်ခဲ့ကြောင်း၊ နေထိုင်သူများအတွက် လုံခြုံမှု၊ ရေ၊ မီး၊ ဓမ္မာရုံ၊ အိမ်ခန်းတစ်ခန်းစီအတွက် Car Parking တစ်ခုစသည့် Facility များအပြင် အဆောက်အအုံ၏ အချိုးကျမှု၊ ခိုင်ခံ့မှုတို့ဖြင့် တွေ့မြင်ရသူတိုင်း နေချင့်စဖွယ်ရှိအောင် စေတနာရှေးထားပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း။

ရွှေမာလာဆောက်လုပ်ရေးအဖွဲ့သည် ရရှိလာသည့် ဆောက်လုပ်ရေးအတွေ့အကြုံများအပေါ် အခြေခံ၍ အားနည်းချက်များကို ပြုပြင်ပြီး အားသာချက်များကို ပိုမိုတိုးတက်အောင် ကြိုးစားရင်းဖြင့် ယခုရွှေအင်ကြင်းရိပ်မွန်အိမ်ရာကို တည်ဆောက်ပြီးဖြစ်ပါကြောင်း။

ရွှေအင်ကြင်းရိပ်မွန်၏ အိပ်ခန်းတစ်ခန်းအကျယ်အဝန်းသည် စတုရန်းပေ ၂၃၀၀မှ ၂၇၀၀ခန့် ရှိပြီး အခန်းတိုင်းတွင် ပါကေး၊ ကြွေပြား၊ မျက်နှာကြက်များ အပြီးထည့်သွင်းပြင်ဆင်ထားပါကြောင်း၊ ရေကို Centra-lizatoin စနစ်ဖြင့် ရှစ်လက်မအဝီစိတွင်းနှစ်တွင်းကနေ ဖြန့်ဝေပါကြောင်း၊ အိမ်ရာ၏ ရေရှည်တည်တံ့မှုအတွက် ကုမ္ပဏီ မတည်ငွေကျပ် သိန်း ၁၅၀၊ အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများအတွက် ရုံး၊ PABX တယ်လီဖုန်းစနစ်နှင့် ဂြိုဟ်တုစလောင်းအတွက် Control Roomစသည့် လိုအပ်ချက်များကိုပါ စနစ်တကျတည်ဆောက်ပေးခဲ့ပါကြောင်း။

ရွှေမာလာဆောက်လုပ်ရေး ကုမ္ပဏီသည် နိုင်ငံတော်က ပေးအပ်မည့် ဆောက်လုပ်ရေးလုပ်ငန်းစီမံကိန်းများကို အတ္တ-ပရအကျိုးမျှတစွာဖြင့် ကြိုးပမ်းဆောက်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရွှေအင်ကြင်းရိပ်မွန်အိမ်ရာမှ အိမ်ခန်းများကိုကြည့်ရှုကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ရွှေအင်ကြင်းရိပ်မွန် အိမ်ရာကို တွေ့ရစဉ်။ (သတင်းစဉ်)

ပြပွဲချောမောအောင်မြင်စေရေးညှိနှိုင်းဆောင်ရွက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ မတ် ၁၃ရက်မှ ၂၁ရက်အထိကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

၂၀၀၃ ခုနှစ် အောက်တိုဘာလအတွင်း ကျင်းပပြီးစီးခဲ့သော နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ရောင်းချရမှုအခြေအနေများ ပြန်လည်သုံးသပ်သည့် အစည်းအဝေးနှင့် ၂၀၀၄ ခုနှစ် မတ်လတွင်ကျင်းပမည့် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။(အပေါ်ပုံ)

ထို့နောက် ၂၀၀၃ ခုနှစ် အောက်တိုဘာလအတွင်း ကျင်းပပြီးစီးခဲ့သော နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ရတနာပစ္စည်းများ ရောင်းချရမှုအခြေအနေနှင့် ၂၀၀၄ ခုနှစ် မတ်လတွင် ကျင်းပမည့် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌တင်ပြရောင်းချရန် ကျောက်မျက်ရတနာများ အတွဲဖွဲ့စည်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲဆပ်ကော်မတီများကလည်းကောင်း၊(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို စီမံရေးရာ ဆပ်ကော်မတီနှင့် လုံခြုံရေးဆပ်ကော်မတီများကလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

၂၀၀၄ ခုနှစ် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၁၃ရက်မှ ၂၁ရက်အထိကျင်းပရန် သတ်မှတ်အတည်ပြုကြသည်။

ယင်းနောက် အထွေထွေပိုင်းတွင် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကြီး အောင်အောင်မြင်မြင်နှင့် နိုင်ငံခြားငွေ ပိုမိုတိုးတက်မြင့်မားစွာ ရောင်းချနိုင်ရေးအတွက် ပြပွဲဗဟိုကော်မတီ ဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် ဗဟိုကော်မတီဝင်များက အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ရတနာပြပွဲ ဗဟိုကော်မတီဝင်များ၏ တင်ပြဆွေးနွေးချက်များနှင့် ပတ်သက်၍ လိုအပ်ချက်များကို ဖြည့်စွက်မှာကြားပြီး မတ်လအတွင်းကျင်းပမည့် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ချောမောအောင်မြင်စေရန်အတွက် ညှိနှိုင်း ဆောင်ရွက်လုပ်ကိုင်ကြရန် နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပုဂံညောင်ဦးမြို့နယ်အသင်း ရန်ကုန်နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် အာဇာနည်လမ်းရှိ ဟိုတယ်/ခရီး ဓမ္မာရုံတွင်ကျင်းပရာ အမှုဆောင်နာယက ဒေါ်တင်ရီက လေးဘာသာ ဂုဏ်ထူးရှင် မနေခြည်ခင်ဇော်အား ဆုချီးမြှင့်စဉ်။

(က-ပ)

ကုန်သည်/စက်မှုအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးတက်ရောက်ရန် လာအိုနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

လာအိုနိုင်ငံ ဆာဗာနာခတ်မြို့တွင် ဖေဖော်ဝါရီ ၁၈ရက်မှ ၁၉ရက်အထိ ကျင်းပမည့် Workshop and Som on Development of the East West Economic Corrdior (EWEC)အစည်းအဝေးသို့ တက်ရောက်ရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဗဟိုအလုပ်အမှုဆောင် ဦးထွန်းအောင်နှင့် ဦးမျိုးသန့်တို့သည် ယနေ့နံနက် ၇နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌဦးဝင်းမြင့်၊ အလုပ်အမှုဆောင် ဦးအောင်မိုးနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။ **(က-ပ)**

18-2 (3).p65 1 3/27/05, 9:37 PM

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဖော်လူဂျာရဲစခန်းကို တိုက်ခိုက်ရေးသမားတို့စီးနင်း အီရတ်ရဲများ အပါအဝင် ၂၇ ဦးသေဆုံး

ဖော်လူဂျာ ဖေဖော်ဝါရီ ၁၅

အီရတ်နိုင်ငံ ဖော်လူဂျာမြို့ရှိ နောက်ထပ် ရဲစခန်းတစ်ခုအား အီရတ်တိုက်ခိုက်ရေးသမားများက ဒုံးကျည်များ၊ စိန်ပြောင်းများ၊ ဒုံးပစ်လောင်ချာများနှင့် ပစ်ခတ်တိုက်ခိုက်မှု ယမန်နေ့က ဖြစ်ပွားခဲ့သည်။

အဆိုပါ ပစ်ခတ်တိုက်ခိုက်မှုတွင် မျက်နှာဖုံးစွပ်ထားသော တိုက်ခိုက်ရေးသမား ၂၅ ဦးခန့်က ရဲစခန်းအဆောက်အအုံကို ဝင်ရောက်စီးနင်း ပစ်ခတ်ခဲ့ခြင်း ဖြစ်သည်။ တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်အများစုအပါအဝင် လူ ၂၇ ဦးသေဆုံးပြီး ၃၀ခန့် ဒဏ်ရာရရှိခဲ့သည်။ အဆောက်အအုံထဲ၌ ထိန်းသိမ်းထားသော အကျဉ်းသားများလည်း ထွက်ပြေး လွတ်မြောက်သွားခဲ့သည်။

သတိပေး

အဆိုပါ ရဲစခန်းသည် ယခုသီတင်းပတ်အတွင်း အမေရိကန်စစ်ဘက်ဆိုင်ရာ အကြီးအကဲ ဂျွန်အဘီဇိဒ်၏ ယာဉ်တန်းပစ်ခတ်ခံရမှု ဖြစ်ပွားသည့်ဝင်းအတွင်း၌ပင် ရှိသည်။ အမေရိကန်နှင့် ပူးပေါင်းဆောင်ရွက်သော အီရတ်တို့သည် မလွဲမသွေ အသက်အန္တရာယ်နှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း သတိပေးသကဲ့သို့လည်း ဖြစ်နေသည်။ **(စီစီတီဗွီ)**

အီရတ်၌ လုံခြုံရေးအခြေအနေ ဆိုးရွားနေဆဲဖြစ် ကန်ကင်းလှည့်တပ်ဖွဲ့ကို ပြောက်ကျားတို့ပစ်ခတ်တိုက်ခိုက်

ဖော်လူဂျာ ဖေဖော်ဝါရီ ၁၆

အီရတ်လုံခြုံရေးအခြေစိုက်များကို ပြောက်ကျားတို့ တိုက်ခိုက်ခဲ့ပြီး နောက်တစ်နေ့တွင် အီရတ်နိုင်ငံ၌ အခြေအနေသည် ဆိုးရွားနေမြဲဖြစ်သည်။ အီရတ်လုံခြုံရေးအခြေစိုက်စခန်းများကို ပြောက်ကျားတို့ တိုက်ခိုက်ခဲ့ရာတွင် ၂၇ဦးသေဆုံးပြီး ဒါဇင်များစွာ ဒဏ်ရာရခဲ့ကြသည်။

ဘဂ္ဂဒက်မြို့၌ အမေရိကန် စစ်ယာဉ်တန်းတစ်ခုကို ပြောက်ကျားတို့က တနင်္ဂနွေနေ့တွင် တိုက်ခိုက်ရန်ကြိုးပမ်းခဲ့ပြီးနောက် ဒုံးပစ်လောင်ချာဖြင့် ဘတ်စ်ကားငယ်တစ်စီးကို မှားပြီး ပစ်ခတ်ခဲ့သဖြင့် အီရတ်နှစ်ဦးသေပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆရာဝန်တစ်ဦးက ပြောကြားသည်။

ပစ်ခတ်မှုမှာ ဘဂ္ဂဒက်အနောက်မြောက်ဘက် ရာအော်လာအရပ်၌ ဖြစ်ပွားခြင်းဖြစ်သည်ဟု သတင်းရပ်ကွက်က ပြောဆိုသည်။ ထိုအခိုက်တွင် နောက်ထပ် အမေရိကန်ကင်းလှည့်အဖွဲ့သည် ဘဂ္ဂဒက်အနောက်ပိုင်း အယ်လ်အဒယ်လ်ဆင်ခြေဖုံး၌ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းခံရကြောင်း အမေရိကန် ပြောရေးဆိုခွင့်ရှိသူက ပြောဆိုသည်။

တိုက်ခိုက်ခံရ

ယာဉ်တန်းသည် နံနက် ၉ နာရီ၌ ချုံခိုတိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း၊ အမေရိကန်စစ်ယာဉ်များ သို့မဟုတ် တပ်ဖွဲ့ဝင်များ ထိခိုက်မှုမရှိကြောင်း စစ်ဘက်က ပြောဆိုသည်။

ပစ်ခတ်

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်အနီး ယေချီကျေးရွာရှိ အီရတ်လုံခြုံရေးတပ်များကို ဒုံးကျည်ဖြင့် ပစ်ခတ်သည်ဆိုသော အီရတ်လူမျိုးနှစ်ဦးကို အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်သတ်ခဲ့ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

သေဆုံး

လွန်ခဲ့သည့်အပတ်က ဗုံးများဆက်တိုက် ပေါက်ကွဲမှုကြောင့် လူတစ်ရာကျော် သေဆုံးခဲ့ရပြီးနောက် ဖော်လူဂျာမြို့တွင် မျက်နှာဖုံးစွပ်ထားသော သေနတ်သမားများက ရဲအဖွဲ့နှင့်ပြည်သူ့စစ်စခန်းကို ဝင်ရောက်စီးနင်းခဲ့ကြသဖြင့် ရဲအဖွဲ့ဝင် ၂၃ ဦးထက်မနည်းနှင့် တိုက်ခိုက်ရေးသမားလေးဦး သေဆုံးခဲ့သည်။ **(အင်တာနက်)**

ကန်စစ်ယာဉ်တစ်စီး တိမ်းမှောက် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၆

ဘဂ္ဂဒက်မြို့အနီးတွင် အမေရိကန်စစ်ယာဉ်တစ်စီး တိမ်းမှောက်ရာတွင် ရရှိခဲ့သောဒဏ်ရာဖြင့် အမှတ် ၈၂ လေကြောင်းချီတပ်မမှ လေထီးတပ်သားတစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက တနင်္ဂနွေနေ့၌ပြောကြားသည်။

သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်၏အမည်ကို ဖော်ပြခြင်းမရှိသော်လည်း ရရှိခဲ့သောဒဏ်ရာဖြင့် အမှတ် ၃၁ တိုက်ခိုက်ရေးထောက်ကူပြုဆေးရုံ၌ စနေနေ့ညက သေဆုံးခြင်းဖြစ်ကြောင်း ကြေညာချက်၌ ဖော်ပြထားသည်။

အမှတ် ၈၂ လေကြောင်းချီတပ်မသည် ဘဂ္ဂဒက်အနောက်ဘက် အန်ဘာနှင့် ဘာဘီပြည်နယ်၏ အစိတ်အပိုင်းများကို တာဝန်ယူထားသော တပ်မဖြစ်သည်။

ကျယ်ပြန့်

အဆိုပါဒေသတွင် အမေရိကန်ဆန့်ကျင်ရေး အကြမ်းဖက်မှုများ အဓိကဖြစ်ပွားရာ ဖော်လူဂျာမြို့ပါဝင်ပြီး ဆီးရီးယားအထိနှင့် အနောက်ဘက်သို့ ဂျော်ဒန်နယ်စပ်အပြင် တောင်ဘက်သို့ ဆော်ဒီအာရေဗျနယ်စပ်အထိ ကျယ်ပြန့်သည်။

အီရတ်နိုင်ငံတစ်ဝန်းတွင် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များအား အီရတ်ခုခံတိုက်ခိုက်ရေးသမားများက နည်းလမ်းမျိုးစုံဖြင့် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ **(အင်တာနက်)**

ဘုရှ်အပေါ် ထောက်ခံမှု လျော့ကျ

ဝါရှင်တန် ဖေဖော်ဝါရီ ၁၆

အမေရိကန်နိုင်ငံ၌ သမ္မတဘုရှ်၏ စစ်ရေးတာဝန်ထမ်းဆောင်မှုအပေါ် မေးခွန်းထုတ်လျက်ရှိရာ အီရတ်လက်နက်များဆိုင်ရာ ထောက်လှမ်းရေးသတင်းများနှင့်ပတ်သက်ပြီး သိက္ခာကျဆင်းနေရသော သမ္မတဘုရှ်အတွက် အခက်အခဲဖြစ်စေခဲ့သည်။ လတ်တလော စစ်တမ်းအရ သမ္မတဘုရှ်၏ လုပ်ငန်းတာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်ပြီး ထောက်ခံမှု ၁၀ရာခိုင်နှုန်းလျော့ကျသွားပြီး သမ္မတ၏ သစ္စာရှိမှုနှင့် ယုံကြည်မှုအပေါ် ထောက်ခံမှု ၇ ရာခိုင်နှုန်းလျော့ကျသွားကြောင်း သိရသည်။ အကယ်၍ ရွေးကောက်ပွဲ ယနေ့ကျင်းပလျှင် ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း ဂျွန်ကယ်ရီအနိုင်ရမည်ဟု စစ်တမ်းများက ဖော်ပြခဲ့သည်။ **(စီအင်န်အင်န်)**

လုံခြုံရေးဆောင်ရွက်

ဖေဖော်ဝါရီ ၁၆ ရက်က ဖော်လူဂျာမြို့ လမ်းမကြီးပေါ်တွင် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

စပိန်နိုင်ငံအနှံ့ လူထောင်ပေါင်းများစွာ စစ်ဆန့်ကျင်ဆန္ဒပြ အီရတ်ကို ကန်ကျူးကျော်မှု အဆုံးသတ်ရန်တောင်းဆို

မက်ဒရစ် ဖေဖော်ဝါရီ ၁၆

စပိန်နိုင်ငံအနှံ့တွင် ထောင်ပေါင်းများစွာသော စစ်ဆန့်ကျင်ဆန္ဒပြသူများသည် အီရတ်မှနေ၍ စပိန်တပ်ဖွဲ့ဝင် ၁၃၀၀ ကို ရုပ်သိမ်းပေးရန် အစိုးရကိုတောင်းဆိုကြပြီး အမေရိကန်ပြည်ထောင်စုကိုလည်း အီရတ်အား ကျူးကျော်ထားမှုကို အဆုံးသတ်ရန် တောင်းဆိုခဲ့ကြသည်။

စပိန်နိုင်ငံ၌ မတ်လ ၁၄ ရက်တွင် ရွေးကောက်ပွဲများ ကျင်းပရန်ရှိပြီး စပိန်အာဏာရ ဗဟိုလက်ယာပါတီက လူထုသဘောထားကို ဆန့်ကျင်ပြီး အမေရိကန်၏ ကျူးကျော်မှုကို ထောက်ခံခဲ့သည့် တစ်နှစ်တာကြာလာသည့်တိုင်အောင် အီရတ်စစ်ပွဲသည် စပိန်၌ သွေးပူနေသော အရေးကြီးပြဿနာ ဖြစ်မြဲရှိသည်။

တနင်္ဂနွေနေ့၌ စပိန်နိုင်ငံက အဓိက မြို့ကြီးများဖြစ်ကြသော မက်ဒရစ်၊ ဘာစီလိုနာ၊ ဆီဗင်လီနှင့် ဗာလင်ရှားတို့အပြင် မြို့ငယ်များတွင်လည်း ဆန္ဒပြပွဲများ ကျင်းပခဲ့ခြင်းသည် လွန်ခဲ့သည့်နှစ်က ကျင်းပခဲ့သော လူထုစစ်ဆန့်ကျင်ရေး နှစ်ပတ်လည်အထိမ်းအမှတ်ဖြစ်သည်ဟု ဆိုသည်။

မက်ဒရစ်မြို့တွင် ချီတက်ဆန္ဒပြသူ ၁၅၀၀၀၀ရှိကြောင်း ဆန္ဒပြသူများက ပြောဆိုကြပြီး အာဏာပိုင်များက ၉၀၀၀ဟု ပြောဆိုသည်။ ဘာစီလိုနာ၌ ဆန္ဒပြသူ ၂၀၀၀၀ ရှိသည်ဟု ဆို သည်။ **(အင်တာနက်)**

တရုတ်နှင့်ဘရာဇီး ဒုတိယဂြိုဟ်တုပူးတွဲထုတ်လုပ်

ဘေဂျင်း ဖေဖော်ဝါရီ ၁၅

တရုတ်နိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့ ပူးတွဲထုတ်လုပ်သော ဒုတိယမြောက်ဂြိုဟ်တုတစ်လုံးကို ပြီးခဲ့သည့် ကြာသပတေးနေ့က စတင်လုပ်ငန်းလည်ပတ်ခဲ့ကြောင်း သိရသည်။

ယင်းဂြိုဟ်တုကို ပြီးခဲ့သော အောက်တိုဘာလက တရုတ်နိုင်ငံမြောက်ပိုင်း တိုက်ယွမ်ဂြိုဟ်တုစခန်းမှ ဂြိုဟ်ပတ်လမ်းအတွင်းသို့ အောင်မြင်စွာ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဂြိုဟ်တုကို လေးလုံးတည်ဆောက်မည်ဖြစ်ကာ မြေသယံဇာတနှင့် ရေသယံဇာတများကို လေ့လာမှတ်တမ်းပြုစုပြီး မြေပုံရေးဆွဲရာ၌ အသုံးပြုမည်ဖြစ်သည်။ တရုတ်နိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့ သဘောတူညီချက်အရ ဂြိုဟ်တုမှ စူးစမ်းရရှိသော အချက်အလက်များကို အခြားနိုင်ငံသို့ ရောင်းချခွင့်ရှိမည်ဖြစ်သည်။ တောင်အမေရိကနိုင်ငံများနှင့် အာရှ၊ ပစိဖိတ်ဒေသနိုင်ငံများက ဝယ်ယူရန် ကမ်းလှမ်းထားကြကြောင်း သိရသည်။ **(စီစီတီဗွီ)**

ဆန္ဒပြ

ဖေဖော်ဝါရီ ၁၅ ရက်က စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ထောင်ပေါင်းများစွာသော ပြည်သူများက အီရတ်စစ်ပွဲ ဆန့်ကျင်ရေးနှင့် စပိန်တပ်ဖွဲ့ဝင်များ အီရတ်မှ ရုပ်သိမ်းရေးအတွက် ဆန္ဒပြနေကြစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အမေရိကန်နှင့်အပေါင်းပါတို့၏ ကျူးကျော်မှုကိုခေါင်းငုံ့မခံ

အီရတ်ပြောက်ကျားများက ခုခံတိုက်ခိုက်နေဆဲ

ပစ်ခတ်တိုက်ခိုက်

ဖေဖော်ဝါရီ ၁၄ ရက်က ဖော်လူဂျာမြို့၌ အီရတ်ပြောက်ကျားများက လုံခြုံရေးစခန်းတစ်ခုနှင့် အဆောက်အအုံတစ်ခုကို ပစ်ခတ်တိုက်ခိုက်ပြီးနောက် အကာအကွယ်ယူထားသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မီးလောင်ပျက်စီး

ဖေဖော်ဝါရီ ၁၄ ရက်က ဘဂ္ဂဒက်မြို့၌ အီရတ်ပြောက်ကျားများ၏ တိုက်ခိုက်မှုကြောင့် မော်တော်ယာဉ်တစ်စီး မီးလောင်ပျက်စီးသွားသည်ကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖမ်းဆီးထား

၂၀၀၃ခုနှစ် မေ ၁ရက်တွင် အဓိကစစ်ပွဲကြီး ပြီးဆုံးကြောင်း ကြေညာခဲ့ပြီးနောက် အမေရိကန်နှင့် အပေါင်းပါတို့သည် အီရတ်ပြောက်ကျားများ၏ ခုခံတိုက်ခိုက်မှုကို ပိုမိုရင်ဆိုင်နေကြရဆဲဖြစ်သည်။

(အောက်ပုံမှာ ဖေဖော်ဝါရီ ၁၆ ရက်က ဘဂ္ဂဒက်မြို့အနောက်ပိုင်း၌ အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အချို့အား ဖမ်းဆီးထားစဉ်။) (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း

အီရတ် မြင်ကွင်း

ကားဗုံးခွဲ

ဝဲပုံမှာ ဖေဖော်ဝါရီ ၁၄ရက်က ဘဂ္ဂဒက်မြို့၌ အီရတ်ပြောက်ကျားတို့၏ ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီး နောက် အပျက်အစီးများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ခုခံတိုက်ခိုက်နေဆဲ

အီရတ်ပြောက်ကျားများက အမေရိကန်နှင့်အပေါင်းပါများကို ခုခံတိုက်ခိုက်နေဆဲဖြစ်သည်။ (အပေါ်ပုံမှာ ဖေဖော်ဝါရီ ၁၄ ရက်က ဖော်လူဂျာမြို့ လမ်းတစ်လမ်း၌ အီရတ်ပြောက်ကျားတစ်ဦးက အဆောက်အအုံတစ်ခုကို ပစ်ခတ်တိုက်ခိုက်ပြီး အကာအကွယ်ယူထားစဉ်။) (ဓာတ်ပုံ-အင်တာနက်)

ကန်ဆန့်ကျင်ရေးဆန္ဒပြ

ဖေဖော်ဝါရီ ၁၆ ရက်က ဘဂ္ဂဒက်ရှိ အမေရိကန်နှင့် အင်္ဂလိပ်တို့၏ ရုံးချုပ်အပြင်ဘက်၌ အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြနေကြသော အီရတ်တို့ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံအတွင်း အမေရိကန်တို့အား ခုခံတိုက်ခိုက်မှုများ ပြင်းထန်လာ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၆

အီရတ်နိုင်ငံအတွင်းဖြစ်ပွားနေသော ခုခံတိုက်ခိုက်မှုများသည် အီရတ်ရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် အသက်အန္တရာယ်ကြီးမားကြောင်း ဖော်ပြနေသည့် အချက်များဖြစ်သည်။ ဖေဖော်ဝါရီလသည် စစ်ပွဲပြီးဆုံးပြီးနောက် တိုက်ခိုက်သေကျေမှုအများဆုံးဖြစ်ပွားသောလများအနက် တစ်လဖြစ်သည်။

ချုံခိုတိုက်ခိုက်သည့် နည်းဗျူဟာကြောင့် အမေရိကန်တပ်များ အထိနာသကဲ့သို့ အီရတ်တို့အတွက် ပိုမိုဆိုးရွားစေသော ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်စေသည်။ မကြာမီကဖြစ်ပွားခဲ့သော အသေခံဗုံးခွဲမှုနှစ်ရပ်မှာ အီရတ်ရဲတပ်ဖွဲ့ဝင် ၁၀၀ကျော် သေဆုံးခဲ့ရသည်။

နည်းဗျူဟာပြောင်းလဲ

အဆိုပါဖြစ်ရပ်များကြောင့် တိုက်ခိုက်ရေးသမားများသည် အီရတ်နိုင်ငံ၏ လုံခြုံရေးကို တာဝန်ယူမည့် အီရတ်ရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့များကို ဦးတည်တိုက်ခိုက်ရန် နည်းဗျူဟာပြောင်းလဲသွားကြောင်း အမေရိကန်တို့က ပြောကြားနေကြသည်။ အဆိုပါတိုက်ခိုက်မှုနှစ်ရပ်က ဇွန်လကုန်၌ အီရတ်တို့ထံ အချုပ်အခြာအာဏာလွှဲပြောင်းပေးရန်စီစဉ်ထားရာမှာ အီရတ်လုံခြုံရေးကိုအားနည်းအောင် မတည်ငြိမ်အောင်ဆောင်ရွက်နေခြင်းဖြစ်သည်ဟုဆိုသည်။ **(စီအင်န်အင်န်)**

အီရတ်၌ လေ့လာခဲ့သော ကုလအဖွဲ့ သတင်းစာရှင်း အယ်လ်စစ္စတာနီနှင့် တွေ့ဆုံမှု အကျိုးဖြစ်ထွန်းကြောင်းပြောဆို

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၁၆

ကုလသမဂ္ဂကိုယ်စားလှယ် အဖွဲ့ကို ဦးဆောင်သော အီရတ်နိုင်ငံ သို့သွားရောက်လေ့လာခဲ့သော အီရတ် ဆိုင်ရာ ကုလသမဂ္ဂကိုယ်စားလှယ် လက်ဒါဘရာဟီမီသည် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကျင်းပခဲ့သည်။ အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်နှင့်အခြားကိုယ်စားလှယ် ငါးဦးအား အီရတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော အခြေအနေများကိုလေ့လာရန်နှင့် ကုလသမဂ္ဂအနေဖြင့် အကောင်း ဆုံးဖြစ်စေရန် မည်သို့မည်ပုံကူညီဆောင်ရွက်ရန်တို့ကို သုံးသပ်သိရှိနိုင်စေရန် အီရတ်သို့စေလွှတ်ခြင်းဖြစ်ကြောင်း ဖြေကြားခဲ့သည်။

အဖွဲ့ဝင်တစ်ဦးသည် ကျွမ်းကျင်မှုပိုင်းဆိုင်ရာ အချက်အလက်များ တိကျပြည့်စုံစွာရရှိစေရန် အီရတ်နိုင်ငံတွင် ကျန်ရှိနေသေးကြောင်း၊ ကုလသမဂ္ဂအဖွဲ့သည် အီရတ်နိုင်ငံတွင်း လူတန်းစားအသီးသီးနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ လာမည့်သီတင်းပတ်တွင် ဥရောပ၌ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အား အဖွဲ့၏တွေ့ရှိချက်များ တင်ပြမည်ဖြစ်ကြောင်း၊ ကိုဖီအာနန်အနေဖြင့် အီရတ်အုပ်ချုပ်မှုကောင်စီနှင့် အမေရိကန်ဦးဆောင်သောအဖွဲ့တို့အားအကြံဉာဏ်များ ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အီရတ်နိုင်ငံ၌ တိုက်ရိုက်ရွေးကောက်ပွဲများကျင်းပရန်တောင်းဆို နေသော အီရတ်ခေါင်းဆောင် အယ်လ်စစ္စတာနီနှင့် တွေ့ဆုံခဲ့ခြင်းနှင့် ပတ်သက်ပြီး အဆိုပါတွေ့ဆုံပွဲမှာ အကျိုးဖြစ်ထွန်းကြောင်း၊ တိုက်ရိုက်ရွေးကောက်ပွဲ တောင်းဆိုမှုမှာလည်း ဥပဒေအရ အကျုံးဝင်ကြောင်း၊ သို့ရာတွင် ရွေးကောက်ပွဲလုပ်ငန်းရပ်သည် ရှုပ်ထွေးသဖြင့် အချိန်ယူဆောင်ရွက် သင့်ကြောင်း ကြိုတင်ပြင်ဆင်မှုအပြည့်အဝမပြုလုပ်ဘဲ အလျင်စလို ဆောင် ရွက်ပါက အငြင်းပွားမှုများ ဖြစ်ပွားနိုင်ကာ ပိုမိုဆိုးရွားသော အခြေအနေ သို့ ဦးတည်သွားနိုင်ကြောင်းပြောကြားခဲ့သည်။ **(စီအင်န်အင်န်)**

ကျူးကျော်မှု အဆုံးသတ်ရန် ဆီးရီးယားနှင့်အီရန်တောင်းဆို

ကူဝိတ်စီးတီး ဖေဖော်ဝါရီ ၁၆

အီဂျစ်နိုင်ငံအပါအဝင် အီရတ် အိမ်နီးချင်းနိုင်ငံများအကြား ကူဝိတ်တွင်ကျင်းပသည့်နှစ်ရက်ကြာဆွေးနွေးပွဲတွင် ၎င်းတို့၏ သဘောထားကွဲပြားချက်များကို ပွင့်လင်းစွာ ဖော်ပြခဲ့ကြသည်။

အီရတ်နိုင်ငံကို အမေရိကန်တပ်များ သိမ်းပိုက်ထားမှုကို ချက်ချင်းလက်ငင်း အဆုံးသတ်ရန် ဆီးရီးယားနှင့် အီရန်နိုင်ငံတို့က တောင်းဆိုခဲ့ကြသည်။ အီရတ်နိုင်ငံရေးကိစ္စတွင် ကုလသမဂ္ဂ၏အခန်းကဏ္ဍပိုမို ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာစေရေးလိုအပ်ကြောင်း ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် အီရတ်ကြားဖြတ်အုပ်ချုပ်မှုအဖွဲ့ နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့ကြောင်း သိရသည်။

(စီအက်ဖ်အိုင်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်၏ အိမ်နီးချင်းနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ အီရတ်ကိုယ်စားလှယ်များနှင့် ကူဝိတ်စီးတီး၌ ဆွေးနွေးပွဲပြီးစီး

ကူဝိတ်စီးတီး ဖေဖော်ဝါရီ ၁၆

ကူဝိတ်စီးတီး၌ နှစ်ရက်ကြာကျင်းပလျက်ရှိသော အီရတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အီရတ်နိုင်ငံမှ ကိုယ်စားလှယ်များ၏ ဆွေးနွေးပွဲသည် ပြီးဆုံးသွားပြီ ဖြစ်သည်။

ထုတ်ပြန်

အီရတ်နိုင်ငံနှင့် နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသော နိုင်ငံခြောက်နိုင်ငံဖြစ်သည့် ဆော်ဒီအာရေဗျ၊ အီရန်၊ ကူဝိတ်၊ ဂျော်ဒန်၊ တူရကီနှင့် ဆီးရီးယားနိုင်ငံတို့အပြင် အီဂျစ်နှင့် ဘာရိန်းနိုင်ငံမှ ဝန်ကြီးများသည် အီရတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော အခြေအနေကိုဆွေးနွေးရန် စုဝေးခဲ့ကြသည်။ အီရတ်နိုင်ငံတစ်ခုတည်း ဖြစ်စေရန် ၎င်းတို့၏ထောက်ခံမှုဆိုင်ရာ ကြေညာချက် တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။

သံသယရှိ

အမေရိကန်က အီရတ်သို့ အာဏာလွှဲပြောင်းမပေးမီ တိုက်ရိုက်ရွေးကောက်ပွဲ ကျင်းပရေးအတွက် သံသယရှိကြောင်း အီရတ်နိုင်ငံခြားရေးဝန်ကြီးက ထုတ်ဖော်ပြောကြားပြီး အီရတ်လူအများစုက တိုက်ရိုက်ရွေးကောက်ပွဲကျင်းပလိုကြသည်။

ရွေးကောက်ပွဲကျင်းပ၍ ရနိုင်၊မရနိုင်ကို လေ့လာရန် ကုလသမဂ္ဂ ကိုယ်စားလှယ်က ခရီးလှည့်လည်နေပြီး ထိုအဖွဲ့၏အစီရင်ခံစာကိုယခုသီတင်းပတ်အတွင်းကုလသမဂ္ဂသို့ ပြန်လည်သတင်းပို့မည်ဖြစ်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

ဖေဖော်ဝါရီ ၁၅ ရက်က စပိန်လိဂ်ဖလားဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ရီးယဲမက်ဒရစ်နှင့် ဗယ်လင်စီယာအသင်းတို့ပွဲစဉ်တွင် ရီးယဲမက်ဒရစ် တိုက်စစ်မှူးရော်နယ်ဒို ထိုးဖောက်ကစားစဉ်။ (ယင်းပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေကျသွားသည်။)
(ဓာတ်ပုံ-အင်တာနက်)

အေသင်၌ အိုလံပစ်အားကစားပွဲများကျင်းပရန် ခြောက်လသာလို အားကစားပွဲများကျင်းပနိုင်ရန် အားကစားရုံ ၃၃ ရုံ ဆောက်လုပ်နေ

အေသင် ဖေဖော်ဝါရီ ၁၆

ဂရိနိုင်ငံ အေသင်မြို့တွင် အိုလံပစ်အားကစားပွဲများကျင်းပရန်ခြောက်လသာလိုပြီးအိုလံပစ်အားကစားပွဲများကျင်းပရန် အားကစားရုံအဆောက်အအုံများကို ဆောက်လုပ်နေဆဲဖြစ်သည်။ ယခုအိုလံပစ်အားကစားပွဲသည် ဂရိနိုင်ငံသား များအတွက် ယခုရာစုနှစ်အတွင်းမှာ ငွေကြေးကုန်ကျမှုအများဆုံးနှင့်နည်းပညာများသုံးစွဲရမှုအကြီးမားဆုံးကိစ္စဖြစ်ကြောင်းသိရသည်။

ပြီးစီး

အေသင်တစ်မြို့လုံးလိုလို၌ အဆောက်အအုံများဆောက်လုပ်နေသည်ကို တွေ့မြင်နေရသည်။ အိုလံပစ်အားကစားပွဲကျင်းပရန် အားကစားရုံ ၃၃ ရုံဆောက်လုပ်မည်ဖြစ်ရာ စက်ဘီးစီးပြိုင်ပွဲများကျင်းပမည့် အားကစားရုံသာအပြီးသတ် ပြီးစီးပြီဖြစ်ကြောင်းသိရသည်။

အခက်အခဲဖြစ်

သို့ရာတွင် အချိန်မီပြီးစီးမည်ဟု အေသင်မြို့သားများက စိတ်ချယုံကြည်လျက်ရှိကာ လူပေါင်းနှစ်သန်းခန့်အတွက် အသင့်ဖြစ်စေမည်ဟု မျှော်လင့်ထားသည်။ ဂရိရှေးဟောင်းအဆောက်အအုံများမထိခိုက်စေရန်ရှောင်ကွင်းဆောက်လုပ်ရသည့်အတွက် အဆောက်အအုံများ ဆောက်လုပ်ရာတွင် အခက်အခဲဖြစ်စေသည်။

ဖွင့်လှစ်မည်

အားကစားပွဲတော်အတွက် တည်ဆောက်သော မြေအောက်ရထားလမ်းသည် ပွဲတော်မစခင်တစ်လအလို ဇူလိုင် ၁၅ ရက်၌ ဖွင့်လှစ်မည်ဖြစ်သည်။ လုပ်ငန်းအားလုံး အချိန်မီပြီးစီးမည်ဖြစ်သည်အတွက် ငါးလတာအတွင်း အသင့်ဖြစ်ရမည်ဖြစ်ကာ အမှားခံနိုင်မှုမရှိကြောင်း သိရသည်။

(စီအက်ဖ်အိုင်)

▼ *နိုင်ငံတော်မှ*

ထို့နောက် မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်က စက်ရုံတွင် အဓိကတပ်ဆင်မည့် စက်ပစ္စည်းများ လျှပ်စစ်ဓာတ်အားလိုအပ်ချက်၊ ရေရရှိအောင် ဆောင်ရွက်ထားမှု၊ စက်ပစ္စည်းများ သင်္ဘောတင်ပို့ရောက်ရှိမှုနှင့် တပ်ဆင်မှု၊ လုပ်ငန်းလိုအပ်ချက်များ နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးက လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကြိုးပမ်းဆောင်ရွက်ရန်မှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စီမံကိန်းကို သတ်မှတ်ကာလထက်စောပြီးရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ကုန်ကြမ်း လုံလောက်စွာရရှိအောင် ဆောင်ရွက် ရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးစနစ် ထည့်သွင်းစီမံဆောင်ရွက်ရေးနှင့် မီးပွိုင့်နေရာအလိုက်ထားရှိရေးများကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပခုက္ကူချည်မျှင်နှင့်အထည်စက်ရုံ ပင်မအဆောက်အအုံ တည်ဆောက်ပြီးစီးမှု အခြေအနေ၊ စက်ရုံ၌ တပ်ဆင်မည့် အလိုအလျောက် လွန်းပြောင်း ရက်ကန်းစက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စီမံကိန်းဒါရိုက်တာ ဦးမြင့်သိန်းဦးက ဝါဂွမ်းချည်မျှင်နှင့် အထည်လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စက်ရုံလုပ်ငန်းခွင်မှ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

စက်မှုစွမ်းအား ခေတ်ကျော်လွှား

မြဝတီခရိုင်အား မူးယစ်ဆေးဝါးကင်းမဲ့ ဒေသဖြစ်စေရေး ပညာပေးလှုံ့ဆော်ရေး မြေစိုက်ပိုစတာဆိုင်းဘုတ်များဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြဝတီခရိုင်အား မူးယစ်ဆေးဝါး ကင်းမဲ့ဒေသဖြစ်စေရေးအတွက် ပညာပေးလှုံ့ဆော်ရေးမြေစိုက်ပိုစတာ ဆိုင်းဘုတ်များ ဖွင့်လှစ်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၆ရက် နံနက် ၇ နာရီခွဲတွင် ကရင်ပြည်နယ် မြဝတီမြို့ ဘုရင့်နောင်ဈေးရှေ့၌ ကျင်းပရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်တက်ရောက် အမှာစကား ပြောကြားပြီး မြဝတီခရိုင်အား မူးယစ်ဆေးဝါးကင်းမဲ့ဒေသဖြစ်စေရေး ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ မူးယစ်ဗဟိုအဖွဲ့ အဖွဲ့ဝင် အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်းက ပညာပေးလှုံ့ဆော်ရေး မြေစိုက်ပိုစတာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ (အပေါ်ပုံ)

အခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူ၊ တပ်မတော်အရာရှိကြီးများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူလူထု အင်အား ၁၀၀၀ ကျော် တက်ရောက်ကြသည်။

အခမ်းအနားတွင် မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က အမှာစကား ပြောကြားရာ၌ နယ်စပ်ဒေသများအတွင်း မူးယစ်ဆေးဝါးပပျောက်ရေး အစီအစဉ်အရ မြဝတီခရိုင်အား မူးယစ်ဆေးဝါးကင်းမဲ့ဒေသဖြစ်ပေါ်စေရေးအတွက် မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေးအတွက် ပညာပေးလှုံ့ဆော်ရေး မြေစိုက်ပိုစတာဆိုင်းဘုတ်များ ဖွင့်လှစ်ခြင်းအခမ်းအနားကို ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း။

မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအပိုင်းတွင် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးလုပ်ငန်းများ၊ ဆေးစွဲသူများအား ဆေးဝါးကုသပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် စည်းရုံးဆောင်ရွက်ကြရန်လိုကြောင်း၊ အဓိကအားဖြင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် NGO အဖွဲ့များအနေဖြင့် ပြည်သူပါဝင်လာအောင် ပြည်သူလူထုအတွင်း စိမ့်ဝင်ပြီး စည်းရုံးဆောင်ရွက်ရေးမှာ အရေးအကြီးဆုံး လုပ်ငန်း ဖြစ်ကြောင်း။

ယခုအခါ ကရင်ပြည်နယ်မှာ အေးချမ်းတည်ငြိမ်လာပြီဖြစ်၍ ယခုအချိန်အခါသည် မြဝတီခရိုင်အတွင်း မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်ရန် အခွင့်အခါအကောင်းဆုံးအချိန်ဖြစ်ကြောင်း၊ မြဝတီခရိုင်အတွင်း မူးယစ်ဆေးဝါးကင်းမဲ့ဒေသဖြစ်စေရေးအတွက် ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ကွပ်ကဲမှုနှင့် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ NGO အဖွဲ့အစည်းများပူးပေါင်းပြီး ခရိုင်တစ်ခုလုံး မူးယစ်ဆေးဝါး ကင်းစင်သည့် ဒေသဖြစ်လာသည်အထိ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ဗဟိုအဖွဲ့ဝင် အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးတင်ဝင်းနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်တို့သည် ဖေဖော်ဝါရီ၁၅ရက် ညနေ၄နာရီတွင် မြဝတီမြို့ရှိ သောင်ရင်းခန်းမ၌ မြဝတီခရိုင်အတွင်းရှိ ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ NGO အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တက်ညီလက်ညီ ပူးပေါင်းပါဝင်ရေး၊ နယ်မြေအေးချမ်းတည်ငြိမ်ရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အသီးသီးဆွေးနွေးပြောကြားကြသည်။

ထို့နောက် မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့သည် မူးယစ်ဆေးစွဲရောဂါကုဆေးရုံ၊ ပြန်လည်ထူထောင်ရေးစခန်းမြေနေရာ၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် ပြန်လည်ကြိုဆိုရေး လက်ခံစခန်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးရုံးသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ရုံးသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌသည် မြဝတီခရိုင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းသို့ ငွေကျပ်သိန်း၂၀နှင့် အမျိုးသမီးရေးရာအဖွဲ့သို့ ငွေကျပ်နှစ်သိန်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✾ ကိုနီကာမှ

(ဘိုအဖွဲ့)၊သန်းကျော်ဌေး(သဇင်)နှင့် ကျော်ကျော်ဝင်း(MPS)တို့ ရရှိကြသည်။

ထပ်မံဆွတ်ခူး

ဒုတိယအဆင့်အဖြစ် ဂျပန်နိုင်ငံ တွင်ကျင်းပသော Pan-Asian Region Grand Prix ပြိုင်ပွဲအတွက် နိုင်ငံအသီးသီးမှ ဆုရဓာတ်ပုံများ ဆက်လက် ယှဉ်ပြိုင်ရာ မြန်မာနိုင်ငံမှ ချစ်ကိုကိုကျော်၏ဓာတ်ပုံက ငွေတံဆိပ်ဆု ထပ်မံဆွတ်ခူးရရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

ချင်းတွင်းအသင်း(ရန်ကုန်) အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ချင်းတွင်းအသင်း(ရန်ကုန်)နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး၊ နာယကသက်ကြီးပူဇော်ပွဲ၊ ဂုဏ်ထူးဆောင်ဘွဲ့ရ၊ စာပေဆုရပုဂ္ဂိုလ်များ၊ ပညာရည်ချွန်ဆုရ ပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၂၁ရက် နံနက်၉နာရီတွင်ပြည်လမ်းစမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းတွင်ကျင်းပမည်ဖြစ်ရာ အသင်းသူအသင်းသားများ မပျက်မကွက်တက်ရောက်ကြရန်ဖိတ်ကြားကြောင်းသိရသည်။ **(က-ပ)**

မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်များအသင်း အလုပ်အမှုဆောင်များဖြစ်ကြသော ဒေါ်နီနီစိုးနှင့် ဒေါ်ခင်ဆွေမြင့်တို့ ဖေဖော်ဝါရီ ၁၂ရက်က နယူးဒေလီမြို့၌ ဖွင့်လှစ်မည့် Small Business Trainees Promoter Programme သင်တန်းတက်ရောက်ရန် အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်အသင်းမှ တာဝန်ရှိသူများနှင့်အတူ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင်တွေ့ရစဉ်။ (က-ပ)

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ မြို့တော်စည်ပင်အသင်းက မလိခအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲစဉ်အပြီးတွင် မြို့တော် စည်ပင်အသင်းက ရှစ်ပွဲကစား၊ ငါးပွဲ နိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး(၁၇)မှတ်ဖြင့်စတုတ္ထနေရာ၌ ရပ်တည်နေသည်။ မလိခအသင်းက ရှစ်ပွဲကစား၊ တစ်ပွဲနိုင်၊တစ်ပွဲသရေ၊ ခြောက်ပွဲရှုံး (၄)မှတ်ဖြင့် အဆင့်(၁၅)၌ရပ်တည်နေသည်။

ယနေ့ပွဲ

ဖေဖော်ဝါရီ ၁၈ ရက်(ယနေ့) ညနေ ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ သတ္တုတွင်းအသင်းနှင့် စီးပွား/ကူးသန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

■ *၂၀၀၃-၂၀၀၄ မှ*

ထို့ပြင် ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်ခန်းစာများကို မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ဖေဖော်ဝါရီ ၂၅ ရက်မှစ၍ ဖော်ပြသွားရန် စီစဉ်ဆောင်ရွက်လျက် ရှိသည်။

အလားတူ ရန်ကုန်အဝေးသင်တက္ကသိုလ်က Electronic Data Broadcasting System ဖြင့် e-Education Learning Centre များသို့ ဖေဖော်ဝါရီ ၁၃၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇ နှင့် မတ် ၁ရက်တို့တွင် နေ့စဉ် မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိ ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာ ဟောပြောပို့ချမှုများကို ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပေး အပ်ပွဲကို ဇန်နဝါရီ၂၅ရက်က ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် အမက(၉)ကျောင်း၌ ပြုလုပ်ရာ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ရန်ကုန်တိုင်း ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးတင်အောင်က အရည်အချင်းပြည့်မီသူများအား စိစစ်ရေးကတ်ပြား ပေးအပ်စဉ်။ (က-ပ)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့် သန်လျင်မြို့နယ် ကျိုက်အင်း ကျေးရွာအနီး ကျိုက်အင်းဂဝံကုန်း တူးဖော်ရေးလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒဏ္ဍာရီသဖွယ်ဖြစ်ရပ်များနှင့်ဆက်စပ်ပြီးသမိုင်းဖြစ်ရပ်မှန်များအဖြစ်သုတေသနပြုဖော်ထုတ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကျိုက်အင်းဒေသ၌ ဂဝံယဉ်ကျေးမှုဖြစ်ထွန်းခဲ့မှုစစ်ဆေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၇

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ၁၅ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကျိုက်အင်းကျေးရွာအနီး ကျိုက်အင်းဂဝံကုန်းတူးဖော်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ရှေးဟောင်းသုတေသနဦးစီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ လုပ်ငန်းခွင်၌ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ဂဝံယဉ်ကျေးမှုဖြစ်ထွန်းခဲ့သည့် အထောက်အထားများကို ရှာဖွေဖော်ထုတ်ပြီး သုတေသနပြု မှတ်တမ်းတင်နိုင်ရန်အတွက် သန်လျင်–ကျောက်တန်းဒေသတွင်း နေရာ ၂၄ နေရာ၌ ကွင်းဆင်းတူးဖော်မှတ်တမ်းတင်ခဲ့မှုနှင့် ယခုကျိုက်အင်းတွင် တူးဖော်တွေ့ရှိမှု အထောက်အထား အခြေအနေနှင့် ဆက်လက်တူးဖော် သုတေသနပြုမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှေးဟောင်းသုတေသနဦးစီးဌာနမှ သုတေသနအရာရှိ ဦးသန်းဇော်ဦးက ကျိုက်အင်းဒေသရှိ ဘုရားကုန်းကို တူးဖော်သုတေသနပြုရာ၌ ခေတ်နှစ်ခေတ်နှင့် ဆက်နွှယ်နေသည့် ဂဝံခေတ် ဘာသာရေးနှင့် ပတ်သက်သော အဆောက်အအုံ အနေအထားများ တွေ့ရှိရမှုကို တူးဖော်တွေ့ရှိရသည့် ရှေးဟောင်းပစ္စည်းများနှင့်တကွ ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့သမိုင်းအဖွဲ့ဝင် ဒေါက်တာခင်မောင်ညွန့်က သာသနာတော်သမိုင်းနှင့် ဂဝံနှင့် ပတ်သက်သော ရှေးဟောင်းသုတေသန အစီရင်ခံစာများတို့ကို ကိုးကား၍ ဆက်စပ်ရှင်းလင်းတင်ပြသည်။

ထို့နောက်ရှေးဟောင်းသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဟံက တူးဖော်တွေ့ရှိရသော မြေလွှာနှင့် ရှေးဟောင်းပစ္စည်းများကို သုံးသပ်၍ ရှေးကျသော ပျူယဉ်ကျေးမှုနှင့် ဆက်စပ်မှုရှိနိုင်သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

သုတေသနပြုဖော်ထုတ်

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ယခင်က ခိုင်မာသည့် အထောက်အထားများ ရှာဖွေမတွေ့ရှိရသေးသည့်အတွက် ဒဏ္ဍာရီသဖွယ်ဖြစ်နေသော သမိုင်းဖြစ်ရပ်များနှင့် ပတ်သက်၍ ယခုတူးဖော်တွေ့ရှိသည့် အထောက်အထားများနှင့်ဆက်စပ်ပြီး သမိုင်းဖြစ်ရပ်မှန်များအဖြစ် သမိုင်းပညာရှင်များနှင့် ရှေးဟောင်းယဉ်ကျေးမှုပညာရှင်များ ပူးပေါင်းပြီး ဆက်လက် သုတေသနပြု ဖော်ထုတ်သွားကြရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျိုက်အင်း ဒေသမှ သုတေသနပြုတွေ့ရှိထားသည့် ဂဝံရုပ်ပွားတော်၏ အစိတ်အပိုင်းများနှင့် ဂဝံအသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုလေ့လာသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျိုက်အင်း ဒေသ၌ တူးဖော်တွေ့ရှိသော ဂဝံဖြင့် တည်ဆောက်ထားသောအဆောက်အအုံ၏ အစိတ်အပိုင်းများ၊ ဂဝံဖြင့် တည်ဆောက်ထားသောရဟန္တာသိမ်ဟောင်း နေရာတို့ကို ကြည့်ရှုလေ့လာကြသည်။

သန်လျင်မြို့နယ် သန်လျင်–ကျောက်တန်းဒေသ ဖွံ့ဖြိုးရေးဇုန်၌ ပို့ဆောင်ရေးဝန်ကြီးဌာနက တည်ဆောက်လျက်ရှိသည့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရေကြောင်းပညာတက္ကသိုလ်တည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဖူးမြော်ကြည်ညို

ထိုမှတစ်ဆင့်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ သည် ကျောက်တန်းမြို့ ကျိုက်ပါဒကြီး ဆံတော်ရှင်စေတီတော်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် စေတီတော် အာရုံခံတန်ဆောင်း၌ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရ အောင်ကိုက ကျိုက်ပါဒကြီးဆံတော်ရှင် စေတီတော် ဘက်စုံလုပ်ငန်းများဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စေတီတော်၏ ဘက်စုံလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ သည် ကျောက်တန်းမြို့ ရှေးဟောင်းသမိုင်းဝင် မြတ်စောညီနောင် စေတီတော်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စေတီတော် ပရဝဏ်အတွင်းရှိ ရှေးဟောင်းဂဝံ သရက်ကင်းကျောက်လှေကားနှင့် ရှေးဟောင်းသုတေသန ဦးစီးဌာနက သုတေသနပြုတူးဖော်မည့် သိမ်ကုန်းကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ သည် ကျောက်တန်းရှိ ရှေးဟောင်း သမိုင်းဝင် ဆံတော်ရှင် ကျိုက္ကမော့ တောင်ပေါ်စေတီတော်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စေတီတော်တွင် အာရုံခံတန်ဆောင်းတည်ဆောက်မှုအပါအဝင် ဘက်စုံလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

စီးပွားကူးသန်း ရှေ့သို့လှမ်း

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကျောက်တန်းမြို့ ကျိုက်ပါဒကြီးဆံတော်ရှင်စေတီတော် ဘက်စုံလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စေတီတော်တောင်ခြေ၌ ဗားမဲ့ဆရာတော်ကြီး တရားအားထုတ်ခဲ့သည့်နေရာကို သွားရောက်ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျိုက္ကမော့စေတီတော်အား လှည့်လည် ပူဇော်ကြည်ညိုကြပြီး စေတီတော်မှ ပြန်လည်ထွက်ခွာသွားသည်။

ရေကြောင်းပညာတက္ကသိုလ်ရောက်ရှိ

ထိုမှတစ်ဆင့်မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ၁၂နာရီခွဲတွင် သန်လျင်မြို့နယ် သန်လျင်-ကျောက်တန်းဒေသဖွံ့ဖြိုးရေးဇုန်၌ ပို့ဆောင်ရေးဝန်ကြီးဌာနက တည်ဆောက်လျက်ရှိသည့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိကြရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖေသန်း၊ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

တည်ဆောက်ရေးလုပ်ငန်းများတင်ပြ

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးဖေသန်းက ရေကြောင်းပညာတက္ကသိုလ်၏ သင်ကြားရေးလုပ်ငန်းအခြေအနေ၊ ဝန်ထမ်းဖွဲ့စည်းမှု၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် ဂျပန်-မြန်မာအကျိုးတူပူးပေါင်းဆောင်ရွက်ရေးအသင်းတို့ ပူးပေါင်း၍ ဖိုင်ဘာ အမြန်ရေယာဉ်ငယ် ခုနစ်စင်းကို တည်ဆောက်ပြီး ဂျပန်နိုင်ငံတွင်ကျင်းပသည့် Tokyo International Boat Show ၌ Made in Myanmar အမည်ဖြင့် တင်သွင်းပြသခဲ့ရာ ဖိုင်ဘာအမြန်ယာဉ် ငါးစင်း ရောင်းချနိုင်ခဲ့မှု၊ နိုင်ငံတကာ တက္ကသိုလ်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတကာ ပညာရှင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ Royal Institution of Naval Architects (RINA) က ချီးမြှင့်သည့် ၂၀၀၃ ခုနှစ် အတွက် RINA-Myanma Shipyard Award ပညာသင်ဆုကို မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဒုတိယနှစ်(အကြီးတန်း)(ရေယာဉ်တည်ဆောက်မှုပညာ)ကျောင်းသား မောင်သက်နိုင်က ဆွတ်ခူးရရှိခဲ့မှု၊ ပြည်တွင်း/ပြည်ပ ပညာရှင်များ လာရောက်သင်ကြားပို့ချမှု၊ ခေတ်မီ သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းသင်ကြားမှု အခြေအနေ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လိုအပ်သည်များကို မှာကြားသည်။

သရုပ်ဖော်ပြသ

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား သင်္ဘောမောင်းနှင်ပုံဆောင် သရုပ်ပြခန်း၌ ကွန်ပျူတာအသုံးပြု၍သင်္ဘောလေ့ကျင့်မောင်းနှင်မှုကို သင်္ဘောဦးခေါင်းပိုင်း ခရီးစဉ်ရေပုံနှင့် ရေဒါပုံစံတို့ကို အသုံးပြု၍သရုပ်ပြသကြသည်။ဆက်လက်၍လည်း အင်ဂျင်ပုံဆောင်သရုပ်ပြခန်း၌ သင်္ဘောအင်ဂျင်စက်ခန်း၏ အစိတ်အပိုင်းများကို ကွန်ပျူတာဖြင့် ထုတ်နုတ်လေ့လာသင်ကြားခြင်းကို သရုပ်ဖော်ပြသကြသည်။

ထို့နောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဓာတုဗေဒနှင့် ရူပဗေဒဓာတ်ခွဲခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရေကြောင်းပညာတက္ကသိုလ်တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်တွင် သင်္ဘောမောင်းနှင်ပုံဆောင်သရုပ်ပြခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ရွှေမာလာဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးအောင်ထွေးက တည်ဆောက်ရေးလုပ်ငန်း ပထမအဆင့် အနေဖြင့် သုံးထပ် ပင်မဆောင်၊ စာသင်ခန်းမနှင့် နှစ်ထပ် စာသင်ဆောင် သုံးဆောင် တည်ဆောက်ပြီးစီးနေမှုနှင့် ဒုတိယဆင့်အဖြစ် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့်မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်သို့ ရောက်ရှိကြရာ ပါမောက္ခချုပ် ဦးကြည်ဝင်း၊ ပါမောက္ခဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများနှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးညွန့်က ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် သမိုင်းအကျဉ်း၊ ဖွင့်လှစ်ထားသော သင်တန်းများ၊ သင်ကြားပို့ချလျက်ရှိသော အထူးပြုဘာသာရပ်များ၊ ကျောင်းသားကျောင်းသူဦးရေ၊ ကွန်ပျူတာ၁၅စလုံး အသုံးပြုသင်ကြားပေးလျက်ရှိသော IT ခန်းများ၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့် သုံးထားပြီးအင်အား၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

တာဝန်ရှိသူများအားမှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လေးထပ်ပင်မဆောင် တည်ဆောက်ရေးတာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တက္ကသိုလ်ပရဝဏ်အတွင်း သွားရောက်၍ ပင်မဆောင်တည်ဆောက်နိုင်မည့် မြေနေရာကို ရွေးချယ်ပြီး မွန်းလွဲပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ဝိပဿနာခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်ကကြီးမှူးလျက် ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်သော မြန်မာလကွယ်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၁၀၁)ကြိမ်မြောက် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာခုနစ်ရက် တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ တရားရိပ်သာ၌ ဖေဖော်ဝါရီ ၁၉ ရက် ညနေ ၆ နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၂၅၄၉၀၆သို့ ဆက်သွယ် စာရင်းပေးနိုင်ကြောင်းနှင့် တရားစခန်းဖွင့်မည့် ဖေဖော်ဝါရီ ၁၉ ရက်ညနေ ၃ နာရီထက်နောက်မကျစေဘဲ မိမိတို့၏ အမျိုးသားမှတ်ပုံတင်များ ယူဆောင်ပြီး ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဇေယျာဟာ အသင်းချုပ်သို့ လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်းသိရသည်။ **(က-ပ)**

သံအမတ်ကြီးဦးစိုးမြင့် အီဂျစ်သမ္မတထံ သံအမတ်ခန့်အပ်လွှာပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

အီဂျစ် အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးစိုးမြင့်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ၉ရက်တွင် ကိုင်ရိုမြို့၌ အီဂျစ် အာရပ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုဟာမက် ဟိုစ်နီမူဘာရက်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၈-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၁၅	၆။	အဆိုပြိုင်ပွဲ
၈း၂၅	၇။	ကံတင်ဘီးလင်းရေလှောင်တမံ
၈း၃၀	၈။	International News
၈း၄၅	၉။	Learning English the Easy and Happy Way for Children and Beginners

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice in Reading
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၇း၁၅	၆။	လက်ဆင့်ကမ်းပေးဂီတတေး
၁၇း၂၅	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၃၅	၈။	သီချင်းကြီးပဒေသာ
၁၇း၄၅	၉။	ဒါးကတံတား
၁၇း၅၅	၁၀။	တေးဂီတအစီအစဉ်
၁၈း၀၅	၁၁။	ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၁၈း၁၅	၁၂။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈း၂၀	၁၃။	Discovery
၁၈း၃၀	၁၄။	ညနေခင်းသတင်း
၁၉း၀၀	၁၅။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၆။	Milo Success in Soccer
၁၉း၁၀	၁၇။	ကြက်ငှက်တုပ်ကွေးရောဂါအကြောင်းသိကောင်းစရာ
၁၉း၃၀	၁၈။	ပြည်ထောင်စုစိတ်ဓာတ်မပြတ်ရှင်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ "ဖွံ့ဖြိုးစည်ပင် စစ်ကိုင်းတိုင်းတစ်ခွင်"
၂၀း၀၀	၁၉။	ပြည်တွင်းသတင်း
	၂၀။	နိုင်ငံတကာသတင်းများ
	၂၁။	မိုးလေဝသအခြေအနေ
	၂၂။	နိုင်ငံခြားဇာတ်လမ်းတွဲ "**တုံ့မယူလို**"(အပိုင်း-၂၉) (ဇာတ်သိမ်းပိုင်း)

စံပြမူကြိုဆရာဖြစ်သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ စံပြမူကြိုကြီးကြပ်ရေးကော်မတီအစည်းအဝေးကို ယနေ့နံနက်၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စံပြမူကြိုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဥက္ကဋ္ဌဦးမြင့်ဟန်နှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဥက္ကဋ္ဌဦးမြင့်ဟန်က နွေရာသီစံပြမူကြိုဆရာဖြစ်သင်တန်းများ ဖွင့်လှစ်ရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။ ဆက်လက်၍ အစည်းအဝေးတက်ရောက်သူများက အကြံပြုဆွေးနွေးတင်ပြကြပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

မူကြိုပညာရေးနည်းပညာများကို အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် စိတ်ပါဝင်စားသူများအား ဖြန့်ဝေပေးရန် စံပြမူကြိုဆရာဖြစ်သင်တန်း အပတ်စဉ်(၄)ကို မတ် ၁၂ ရက်မှ ဧပြီ ၃ ရက်အထိနှင့် အပတ်စဉ်(၅)ကို ဧပြီ ၂၂ ရက်မှ မေ ၁၅ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗိုလ်တထောင် ရောင်တော်ဖွင့်အသင်းဓမ္မပူဇာ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် တောင်ဘက်တိုးချဲ့ရင်ပြင် ဓမ္မသဘင်၌ ဘဒ္ဒန္တကောဝိဒ (Ph.D) (မန္တလေးမြို့မဂုဏ်ရည်မဟာစည်သာသနာ့ရိပ်သာ ပဓာနနာယက) ဖေဖော်ဝါရီ ၂၀ ရက်(သောကြာနေ့)၊ဓမ္မဒူတ အရှင်ဆေကိန္ဒ (သာသနာ့ဓဇ သဒ္ဓမ္မနေပုည၊ သာသနာ့ ဇောတိပါလဓမ္မာစရိယ) ဖေဖော်ဝါရီ ၂၁ ရက်(စနေနေ့)၊ အရှင်ဣန္ဒာစရိယ(သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်) ဖေဖော်ဝါရီ ၂၂ ရက်(တနင်္ဂနွေနေ့)၊ အရှင်ခေမာသီရိလင်္ကာရ (သီတဂူကြာတစ်ပွင့်) မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ပိဋကတ်တစ်ပုံခွဲဆောင် ဖေဖော်ဝါရီ ၂၃ ရက် (တနင်္လာနေ့)၊ သီတဂူ အရှင်ဉာဏိဿရ (Ph.D) (Litt) (သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ စစ်ကိုင်းတောင်ရိုး ဖေဖော်ဝါရီ ၂၄ ရက်(အင်္ဂါနေ့)များတွင် ညစဉ် ၇ နာရီ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ချီးမြှင့်ဟောကြားမည်ဖြစ်၍ တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

The New Light of Myanmar သတင်းစာတိုက် အငယ်တန်းသတင်းထောက်ရာထူး ရေးဖြေစာမေးပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း The New Light of Myanmar သတင်းစာတိုက်တွင် အငယ်တန်း သတင်းထောက် လစာနှုန်းကျပ် (၅၄၀၀-၁၀၀-၅၉၀၀)ရာထူးလေးနေရာ၌ ဖြည့်စွက်ခန့်ထားရေးအတွက် ရေးဖြေစာမေးပွဲကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်း အမှတ်(၂၂/၃၀)ရှိ နယူးလိုက်အော့ဖ် မြန်မာသတင်းစာတိုက် အဆောက်အအုံ(အပေါ်ဆုံးထပ်)၌ ကျင်းပမည်ဖြစ်သည်။

ဖြေဆိုရမည့် အစီအစဉ်မှာ ၂၀၀၄ ခုနှစ် မတ် ၆ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ အင်္ဂလိပ်စာ၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအထိ မြန်မာစာနှင့် အထွေထွေဗဟုသုတ (ပြည်တွင်း/ပြည်ပ) ဘာသာရပ်များဖြစ်သည်။

လျှောက်ထားသူ (အမျိုးသားသာ)များအနက် ဖြေဆိုခွင့် ရရှိသူများထံ စာတိုက်မှတစ်ဆင့် အကြောင်းကြားစာများ ပေးပို့ထားပြီးဖြစ်၍ ဖြေဆိုမည့်သူများသည် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မန်နေဂျာ (သတင်းဌာန) ဖုန်း-၂၉၄၆၂၁သို့ ဆက်သွယ်သတင်းပို့ကြရမည်ဖြစ်သည်။ **(သတင်းစဉ်)**

အင်အားနည်းငလျင်လှုပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်နေ့ မြန်မာစံတော်ချိန် ၁၃နာရီ ၁၁ မိနစ် ၅၅ စက္ကန့်အချိန်တွင် မန္တလေး မြေငလျင်စခန်း၏ တောင်ဘက် ၁၀ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ဒသမ၂ အဆင့်ရှိ အင်အားအနည်းငယ်ရှိသောမြေငလျင်တစ်ခု လှုပ်ရှားသွားခြင်းကို တိုင်းထွာရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

ဓမ္မဗိမာန်တော်အတွက် ငွေလှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် အင်းစိန်လမ်းမကြီး အမှတ် ၆ရှိ မဟာစည်သြဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာ၌ တည်ဆောက်လျက်ရှိသော ငါးထပ် သာသနသီတလ ဓမ္မဗိမာန်တော်ကြီး ရှေ့မျက်နှာစာတွင် အလူမီနီယမ် နေကာမှန်များ တပ်ဆင်လျက်ရှိရာ တစ်ပေပတ်လည် အကွက်ပေါင်း ၁၆၉၃ အတွက် တစ်ကွက်လျှင် အလှူငွေကျပ် ၅၀၀၀ဖြင့် လှူဒါန်းနိုင်၍ အလှူရှင်အားလုံးအား အနုမောဒနာ ဂုဏ်ပြုလွှာကိုပေးအပ်ပြီး ကျပ်တစ်သိန်းနှင့်အထက် လှူဒါန်းသူများအား ကျောက်စာကမ္ပည်းထိုး မှတ်တမ်းတင်မည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

သားငါးပွံ့ဖြိုး ပြည်အကျိုး

ကျေးငှက်ပေါ်သည့် တို့တောသာယာ

လွန်ခဲ့သော လေးနှစ်ခန့်က မြန်မာနိုင်ငံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စာရေးဆရာငါးဦး ချစ်ကြည်ရေးနှင့် လေ့လာရေးခရီး ရောက်ရှိလာခဲ့ပါသည်။ ၎င်းအဖွဲ့ခရီးစဉ်ကို ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းက စီစဉ်ညှိဝတ်ပြုပြီး ပုဂံ၊ မန္တလေး၊ အင်းလေးဒေသသို့ပါ ပို့ဆောင်ခဲ့သည်။ ဘေဂျင်းသို့မပြန်မီ ရန်ကုန်မြို့တော်၏ သာယာလှပသော ဟိုတယ်ကြီးတစ်ခုတွင် ယင်းအဖွဲ့ကို ပြန်ကြားရေးဝန်ကြီးဌာနက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

တရုတ်စာရေးဆရာအဖွဲ့သည် ၎င်းတို့ကို မြန်မာပြည်၏ ထူးခြားလှပသော ဒေသများသို့ လိုက်လံပြသ ပို့ဆောင်ခဲ့ကြရုံမက ဝန်ကြီးကိုယ်တိုင် လက်ခံတွေ့ဆုံခဲ့သည့်အပြင် ဂုဏ်ပြုညစာစားပွဲသို့ပါ တက်ရောက်ချီးမြှင့်သဖြင့် ကျေးဇူးဥပကာရ အထူးတင်ရှိကြောင်း တဖွဖွပြောပြနေကြပါသည်။ ဝန်ကြီးက "ဒါဆိုရင် မြန်မာပြည်ရဲ့ သာယာလှပပုံတွေအကြောင်း အများကြီးရေးဖြစ်ကြမှာပေါ့"ဟု ပဋိသန္ထာရစကား ဆိုပါသည်။ ရေးစရာတွေ များစွာရခဲ့ပါသည်။ ရေးကြပါမည်ဟု တရုတ်စာရေးဆရာများက လှိုက်လှဲစွာ တင်ပြပြောဆိုကြပါသည်။

ဝမ်းမြောက်စရာ ဖြစ်ပါသည်။

ညစာစားရင်း ကျွန်တော်နှင့် ဘေးချင်းယှဉ်ပြီးထိုင်နေသူ တရုတ်အမျိုးသမီးစာရေးဆရာမနှင့် စကားစမြည် ပြောဆိုဖြစ်ကြပါသည်။ သူက ရှန်ဟိုင်းမြို့မှ ဖြစ်သည်။ မြန်မာတို့ကို မြန်တင့်ဟု သူတို့က ခေါ်ဝေါ်သည်။ မြန်တင့်အကြောင်း ယခင်က သူကောင်းစွာမသိခဲ့ဖူးကြောင်း၊ မြန်မာနိုင်ငံသို့ လေ့လာရေးနှင့် ချစ်ကြည်ရေးခရီး သွားရမည်ဟု တစ်နှစ်ခန့်ကြိုတင်သိရှိရကြောင်း၊ ထို့ကြောင့် မြန်တင့်အကြောင်းတွေ ရှာဖွေဖတ်ရှုသည့်အခါ တရုတ်ဘာသာဖြင့် ရာဇဝင်နှင့် မှတ်တမ်းအချို့ကို တွေ့ရှိရသော်လည်း ခေတ်ပြိုင်အကြောင်းခြင်းရာကား အလွန်တရာနည်းပါလှကြောင်း၊ ထို့ကြောင့် မြန်တင့်နိုင်ငံမှ ပြန်လာခဲ့ကြသည့် စာရေးဆရာများကို မေးမြန်းလေ့လာယူရကြောင်း တရုတ်စာရေးဆရာမက ပြုံးပြုံးရွှင်ရွှင်ဖြင့် ပြောပြပါသည်။

"ပြန်လာတဲ့ စာရေးဆရာတွေက မြန်မာနိုင်ငံကို လာခဲ့ရတာ သဘောကျကြရဲ့လား"

"ကျပါတယ်၊ အလွန်နှစ်သက်ကြပါတယ်"

"ဘာတွေကို နှစ်သက်တာလဲ"

"လူတွေကိုပါပဲ။ သိပ်ခင်မင်စရာကောင်းတယ်လို့ ပြောတယ်။ ဖြူစင်ဖြောင့်မတ်တဲ့ လူမျိုးတွေ၊ ပြုံးရွှင်ဖော်ရွေတဲ့လူမျိုး၊ ကူညီချင်စိတ်ရှိပြီး ကြင်နာစာနာတတ်တဲ့ လူမျိုးပဲလို့ ပြောကြပါတယ်။"

"ပြီးတော့ကော---"

"ရာသီဥတုကိုလဲ ကြိုက်ကြပါတယ်။"

"ပုဂံနဲ့ မန္တလေးက မပူဘူးတဲ့လား"

"သူတို့လာခဲ့တာ ဆောင်းရာသီမို့ မပူလှဘူးလို့ ပြောပါတယ်"

"နောက်ပြီးတော့ကော"

"ရေမြေတောတောင်ကိုလဲ အထူးအံ့သြကြတယ်"

"ဟုတ်လား"

"ဟုတ်ပါတယ်၊ သဘာဝအရ အလွန်လှပသာယာနေတယ်လို့ ပြောကြတယ်"

"ကျေးဇူးတင်စရာပါပဲ။ နောက်တော့ကော---"

"ပြောရမှာ ကျွန်မအဖို့ ဗဟုသုတနည်းရာရောက်တဲ့အတွက် ရှက်စရာဖြစ်ပါတယ်။ ဒါပေမယ့် အမှန်ကိုဝန်ခံရဲတဲ့သတ္တိနဲ့ ဖွင့်ပြောပါမယ်"

"စိတ်ဝင်စားစရာပဲ၊ ပြောပြပါဦး--"

"မြန်တင့်ကပြန်လာခဲ့တဲ့ စာရေးဆရာတွေက ပြောတယ်။ မြန်မာနိုင်ငံမှာ ငှက်တွေသိပ်ပေါတယ်တဲ့။"

"ဟုတ်လား"

"ခိုတွေ၊ စာတွေ၊ ကျီးကန်းတွေဆိုရင် အံ့သြစရာ အုပ်လိုက်အုပ်လိုက်တွေ့ရတဲ့အပြင် ဆက်ရက်၊ ဗျိုင်း၊ သပိတ်လွယ်၊ ဘဲ၊ ဟင်္သာ၊ ရေကြက်၊ ဗွတ်၊ ဇွှေ့၊ ခါ၊ ငုံး၊ ဒေါင်း၊ ကြက်တူရွေးစတဲ့ ငှက်အမျိုးပေါင်း မြောက်မြားစွာကို အံ့သြလောက်အောင် မြင်ခဲ့ရတယ်။ ငှက်သံတွေကိုလဲ လွယ်လွယ်ကူကူ ကြားခဲ့ရတယ်တဲ့"

"ဟုတ်လား"

ဒါတော့ သက်သက်ကြွားတာထင်တယ်။ ကျွန်မ မယုံဘူး။ တရုတ်ပြည်လို ကျယ်ဝန်းလှတဲ့ တိုင်းပြည်က စာရေးဆရာတွေဟာ မြန်တင့်မှာ ငှက်တွေစုံလှချည့်၊ ပေါများလှချည့်ရဲ့လို့ အံ့သြခဲ့ရတယ်ဆိုတာ မဟုတ်နိုင်ပါဘူးလို့ ကျွန်မယူဆခဲ့တယ်"

"အခုရောက်ခဲ့ပြီလေ၊ ဘယ်လိုတွေ့ရပါသလဲ"

"(ရှက်စနိုးရယ်မောလျက်) ကျွန်မမှားခဲ့ကြောင်း လက်တွေ့ဝန်ခံရပါပြီ"

"ဟုတ်လား"

"ဟုတ်တာပေါ့၊ ငှက်တွေ ငှက်တွေ မြို့ပေါ်မှာရော ကျေးလက်မှာရော၊ လမ်းတစ်လျှောက်ယာခင်းတွေ၊ သစ်တောတွေ၊ လယ်ကွင်းတွေ၊ အင်းတွေ ကန်တွေထဲမှာရော ပေါလိုက်ပုံ၊ များလိုက်ပုံတွေဟာ တကယ်ထူးဆန်းအံ့ဖွယ် ဖြစ်ရပါတယ်ရှင်"

ချစ်နိုင် (စိတ်ပညာ)

"ဘာကြောင့်ထူးခြားတာလဲ"

"ကျွန်မတို့ဆီမှာ ကျီးကန်းအာတဲ့အသံ၊ ဆက်ရက်အော်မြည်တဲ့အသံ၊ ဥဩတွန်တဲ့အသံ၊ ခိုညည်းတဲ့အသံဆိုတာ တစ်သက်နဲ့တစ်ကိုယ် ကြားရခဲပါဘိရှင်။ ဒီမှာ မိုးလင်းတာနဲ့ စာမျိုးစုံရဲ့ ကျည်ကျည်ကျာကျာ အသံလေးတွေကို ဟိုတယ်ပြတင်းပေါက်ကတစ်ဆင့် ကြားရတယ်ရှင့်။ သိပ်သာယာတဲ့ ငှက်သံလေးတွေ မျိုးစုံပဲ"

ကျွန်တော်သည် တရုတ်စာရေးဆရာမက တအံ့တသြပြောပြမှုပဲ မိမိတို့နိုင်ငံ၌ ငှက်မျိုးစုံတို့၊ အဖုံဖုံသောငှက်တေးတို့ကို သီကျူးနေကြကြောင်း ကောင်းစွာ သတိပြုမိခဲ့ပါသည်။ အသက်ငါးဆယ်ကျော်မှ ကိုယ့်တိုင်းပြည်၏ ပင်ကိုအလှကြွယ်ဝမှုကို သိရှိနားလည်မိလေသည်။ နိုင်ငံတကာ ငှက်သဘာဝစီမံချက်မှ မန်နေဂျာ ဂျွန်နာသန်၊ စီ၊ အေမီးစ်(Johnathan C. Eames)က "မြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသအတွင်းတွင် ငှက်မျိုးစုံကြွယ်ဝ၍ ငှက်အများအပြား အတွေ့ရဆုံး နိုင်ငံတစ်ခု ဖြစ်ပါသည်။ နိုင်ငံအတွင်း သိသာထင်ရှားသော သဘာဝ ကြွယ်ဝမှုအလှအပတို့ကို ထိန်းသိမ်းကာကွယ်ရန် လူအများစုအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့်စိတ်ပါဝင်စားလာကြစေရန် လိုပါတယ်။ မြန်မာဘာသာဖြင့် ထုတ်ဝေသည့် ငှက်များအကြောင်း ပြည့်စုံသောစာအုပ်မရှိခြင်းသည် အဓိက အတားအဆီးတစ်ခုဖြစ်ပါသည်" ဟု ၁၁-၈-၂၀၀၃ ရက်စွဲဖြင့် ရေးသားဖော်ပြဖူးသည်။

သူ့အမြင်က မှန်ပါသည်၊ မဆိုးလှပါ။

"မြန်မာနိုင်ငံသားများသည် ခိုင်မာသော ဗုဒ္ဓဘာသာ အမွေအနှစ်ကို ဆက်ခံသူများဖြစ်၍ ငှက်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းရေရှည်တည်တံ့စေရန် လုပ်ဆောင်ခြင်းကို သဘောပေါက်နားလည်ကြသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်ပါသည်" ဟုဆို၏။

သူတစ်ပါးမဆိုထားဘိ၊ တောသူတောင်သားဖြစ်သော မိမိပင်လျှင်ငှက်ကိုမြင်၍ ဘာအမည်၊ ဘာအခေါ်ရှိမှန်းမသိသော ငှက်တွေများလှပါ၏။ ကျေးငှက်ဗဟုသုတ အလွန်နည်းလွန်းခဲ့ပါ၏။ ငှက်တွေကြွယ်ဝသော ထူးခြားသည့်တိုင်းပြည်မှာ ပြည်သူပြည်သားတွေ၌ ငှက်ဗဟုသုတပြည့်ဝလျှင် ပိုမကောင်းပေဘူးလော။

အညာဒေသမှာ "ခါ"ဟူသော ငှက်တစ်မျိုးရှိကြောင်း မကြားဖူး၊ မသိဖူးသူတွေပင် တစ်ခါကရှိဖူး၏။

ကိုလိုနီနယ်ချဲ့ခေတ်က အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုများ ပြုလုပ်သဖြင့် သခင်ဘသောင်းဆိုသူ ထောင်ချခံရ၏။ ဘာသာပြန်ဆု အကြိမ်ကြိမ်ရခဲ့သော စာရေးဆရာပေါက်စ သခင်ဘသောင်းသည် ထောင်ထဲတွင် အလကားမနေ၊ သောမတ်စ်ဟာဒီ၏ တက်စ်ဝတ္ထုကို မှီငြမ်းပြုလျက် မြန်မာဝတ္ထုရှည်တစ်ပုဒ်ရေးသားခဲ့၏။ သူ၏ရေးဖော် အပေါင်းအသင်းတွေက ထိုဝတ္ထုကို ပုံနှိပ်ထုတ်ဝေလိုက်ကြသည်။ သခင်ဘသောင်းရေးသော ဇာတ်ကောင်အမည်မခါဥသည် အောက်သား စာစီဆရာနှင့် စာပြင်ဆရာတို့က ခါဥဆိုတာမကြားဖူးပါဘူး၊ စာဥသာဖြစ်လောက်ပါသည်ဆိုပြီး မစာအုဟူ၍ ပြင်လိုက်ကြလေသည်။ ကြက်ဥ၊ စာဥကဲ့သို့ပင် ခါငှက်၏ဥကို တင်စားလျက် မခါဥဟူသော အမည်မျိုး အညာမြေလတ် ဒေသအမည်ပေးလေ့ရှိကြ၏။ မကျေးဥ၊ မခါဥ။ သို့တစေ ခါ ဟူသောငှက်ကို မမြင်ဖူး၊ မကြားဖူးလေရကား ခါဥသည် စာဥဖြစ်ခဲ့ရလေတော့သည်။ ထိုစာအုပ်အမည်က "ပန်းသာမစာအု"။

ထိုစာအုပ်သည် စာဖတ်ပရိသတ်ကြားတွင် ဟိုးလေးတကျော် အောင်မြင်ကျော်ကြားသွားခဲ့သည်။ အသံထွက်ရုပ်ရှင်ခေတ်ပေါ်စတွင် ဇေယျ၊ အေးကြူ၊ မေသစ်တို့ပါဝင်ကာ "ပန်းသာမစာအု" ရုပ်ရှင်ရိုက်ကူး ပြသခဲ့သေးသည်။ စာရေးဆရာက ခါဥဟု ရေးခဲ့သော်လည်း စာစီဆရာ၊ စာပြင်ဆရာတို့က ခါကို မသိသဖြင့် ပြောင်းလဲခြင်းခံရကာ အခြားအမည်ဖြင့် တွင်ခဲ့ရပုံတည်း။ ငှက်ဗဟုသုတ နားဝေးခဲ့ကြပုံ သာဓကပေတည်း။

ကမ္ဘာပေါ်တွင် ငှက်အမျိုးအစားပေါင်း ၈၆၀၀ ကျော်ရှိသည်ဟုဆိုကြသည်။ မြန်မာပြည်တွင် ငှက်အမျိုးအစားပေါင်း ၁၀၀၀ ကျော်နေထိုင်လျက်ရှိကြသည်။ ငှက်အမျိုး ၇၀၀ ကျော်တို့က အမြဲတစေရှိနေကြပြီး ငှက်အမျိုး ၃၀၀ကျော်က ဆောင်းရာသီစသည် အချို့သင့်လျော်ရာရာသီ၌ လာရောက်နားခိုကြခြင်းဖြစ်သည်ဟုသိရသည်။ ငှက်အမျိုးအစားများအနက် အကြီးဆုံးငှက်သည် ပေါင် ၃၀၀ခန့်ရှိသော အာဖရိကတိုက်မှငှက်ကုလားအုတ်(Ostrich)ဖြစ်၏။ အသေးဆုံးငှက်သည်ကား ကိုယ်အလေးချိန် အောင်စဝက်သာ ရှိသည့် ကျူးဘားနိုင်ငံမှ ပဒုငှက်(Bee Humming Bird)ဖြစ်၏။ မြန်မာပြည်တွင် စာကလေးမှ လင်းတအထိ အကြီးအငယ် အရွယ်မျိုးစုံရှိနေကြသည်။ ပျော်ပိုက်ကျက်စားနေကြသည်။

ကျေးငှက်သာရကာပေါများကြွယ်ဝခြင်းသည် သဘာဝရေမြေတောတောင်၏ သာယာလှပမှုတစ်ရပ်ပင်ဖြစ်ပါသည်။ကျေးငှက်များ ပြုန်းတီးပပျောက်သွားခြင်းမရှိစေရန် ကာကွယ်ထိန်းသိမ်းကြရပါမည်။ ငှက်များအကြောင်း ဗဟုသုတရှိသင့်ကြပါသည်။ ထိုအချက်ကို ဖြည့်ဆည်းပေးမည့်စာအုပ်ကောင်းတစ်အုပ်သည် ထွက်ပေါ်လာခဲ့ပေပြီ။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် ညွှန်ကြားရေးမှူးအဖြစ် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်သွားခဲ့ဖူးသော ဗိုလ်ကြီးကျော်ညွန့်လွင် (အငြိမ်းစား)နှင့် ငှက်ဝါသနာရှင်အသင်း အတွင်းရေးမှူး ဒေါ်ခင်မမသွင်တို့ ရေးသားပြုစုပြီး ပန်းချီဆရာဦးအောင်သန့်(ရန်ကုန်ပန်းချီပန်းပုကျောင်းဆင်း)တို့ရေးဆွဲပြုစုသည့် မြန်မာနိုင်ငံငှက်များစာအုပ်ကို အမြို့မြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး စာကြည့်တိုက်များသို့ တစ်အုပ်ကျစီပေးပို့ဖြန့်ဝေထားလေပြီ။ ခရိုင်နှင့်မြို့နယ်စာကြည့်တိုက်အားလုံးတို့တွင် "မြန်မာနိုင်ငံ ငှက်များ"စာအုပ်ကို မကြာမီ ဖတ်ရှုလေ့လာနိုင်ကြပါတော့မည်။ စာရေးဆရာကျော်ညွန့်လွင်နှင့် ခင်မမ၊ ပန်းချီအောင်သန့်တို့ကို ကျေးဇူးအထူးတင်ဖွယ်ဖြစ်ပါသည်။ အပ်ပေပါစက္ကူချောဖြင့် တစ်အုပ်လုံးရောင်စုံပုံများ ရိုက်နှိပ်ထုတ်ဝေနိုင်အောင် စီမံဆောင်ရွက်ခဲ့ကြသူများ၊ ပြည်သူ့စာကြည့်တိုက်များသို့ တစ်အုပ်စီ လှူဒါန်းပေးခဲ့သူများကိုလည်း အထူးပင် ချီးကျူးလေးစားလျက် ကျေးဇူးတင်ရပါသည်။

မြန်မာပြည်ကို ပိုမိုချစ်ခင် လေးစားနားလည်တတ်လာအောင် ငှက်အမျိုးပေါင်း ၃၅၀ ကို အကြောင်းအရာကော ပုံ(ရောင်စုံ)ပါပြုစုဖော်ပြထားသော ထို "မြန်မာနိုင်ငံငှက်များ" စာအုပ်ကို မြို့နယ်ပြန်ကြားရေးစာကြည့်တိုက်များ၌ အခမဲ့သွားရောက် ကြည့်ရှုကြစေလိုပါသည်ဟု လှိုက်လှဲစွာ တိုက်တွန်းပါရစေ။ ။

မြဝတီရုပ်မြင်သံကြား

၁၈-၂-၂၀၀၄
(ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မျိုးချစ်တပ်မတော်
၄:၄၀ ၇။ ကျန်းမာခြင်းသည် နိုင်ငံ့ခွန်အား
၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (ပထမနှစ်စိတ်ပညာအထူးပြု) Central Nervous System
၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အချစ်လေပြည်"** (အပိုင်း-၁၇)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လှိုင်းပုနှင့်သောင်းချမ်"** (အပိုင်း-၃၁)

ဖေဖော်ဝါရီ ၁၁ရက်က သာကေတမြို့နယ် ၁၀/တောင်ရပ်ကွက် နှင့် ၆/အရှေ့ရပ်ကွက်များ ရေစီးရေလာကောင်းမွန်ရေးနှင့် အတွင်းရှုခင်းသာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးမောင်ပါနှင့် အတွင်းရေးမှူး ဗိုလ်မှူးကြီးမြင့်အောင်တို့က လုပ်ငန်းပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးစဉ်။ (၃၀၂)

ဘဝသစ်စာကြည့်တိုက်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ချောင်းဆုံမြို့နယ် ရွာလွတ်ကျေးရွာတွင် ဘဝသစ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၁၈ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းက ဘဝသစ်စာကြည့်တိုက်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက ဘဝသစ်စာကြည့်တိုက်အတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းပြီး တက်ရောက်လာကြသော တိုက်နယ်ဆရာဝန်ကြီး၊ ကျောင်းအုပ်ဆရာ၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်များက စာကြည့်တိုက်အတွက် စာအုပ်များ လှူဒါန်းကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

သံတမန်အဖွဲ့လေ့လာရေးခရီးစဉ်မှပြန်လည်ရောက်ရှိ ရှမ်းပြည်နယ်(တောင်ပိုင်း)ယဉ်ကျေးမှုလုပ်ငန်းများလေ့လာခဲ့

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ လေ့လာရေးခရီးစဉ်အဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ဇနီး ဒေါ်လွဲလွဲကြည်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ မြန်မာနိုင်ငံဆိုင်ရာ သံတမန်များအဖွဲ့နာယက စင်ကာပူသံအမတ်ကြီး H.E Mr. Simon Tesing De Cruz နှင့်သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံနှင့်သံအရာရှိများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ဇနီးများပါဝင်သည့် သံတမန်လေ့လာရေးအဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါ၍ ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၇ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့်ထွက်ခွာရာ ဟဲဟိုးလေဆိပ်သို့ နံနက် ၈ နာရီတွင်ရောက်ရှိသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် သံတမန်များအဖွဲ့သည် ဟဲဟိုးလေဆိပ်မှ မော်တော်ယာဉ်များဖြင့် အင်းလေးခေါင်တိုင်၊ ထိုမှတစ်ဆင့် စက်လှေများဖြင့် အင်းလေးဖောင်တော်ဦးဘုရားသို့ သွားရောက်ကြည်ညိုကြသည်။

<u>**ကြည့်ရှုလေ့လာ**</u>

အင်းလေး ဖောင်တော်ဦးဘုရားတွင် ဘုရားဂေါပကအဖွဲ့ကကြိုဆို၍ ရှင်းလင်းပြသကာ ဒုတိယဝန်ကြီးနှင့် သံတမန်များအဖွဲ့သည် ဖောင်တော်ဦး ရုပ်ပွားတော်များအား ရွှေသင်္ကန်းများ ကပ်လှူကြည်ညိုကာ အလှူငွေများ ပေးအပ်လှူဒါန်းကြပြီး အင်းလေးကန် အတွင်းရှိ ရက်ကန်းလုပ်ငန်းများနှင့်

ချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဇနီးတို့က ဒုတိယဝန်ကြီး ဦးကျော်သူ နှင့်ဇနီး၊ သံအမတ်ကြီးများ၊ သံရုံး ယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက် အောက်ခံ အဖွဲ့အစည်းများမှ ဌာနေ ကိုယ်စားလှယ်များ၊ သံအရာရှိများနှင့် ဇနီးများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကာ ဂုဏ်ပြုလက်ဆောင် များပေးအပ်သည်။ ဂုဏ်ပြုညစာစားပွဲ တွင် ရှမ်းပြည်နယ်ရိုးရာယဉ်ကျေးမှု အဖွဲ့က ရိုးရာတေးသီချင်းများ၊ ရိုးရာ အကများဖြင့်ကပြဖျော်ဖြေရာ သံအမတ် ကြီးများက ဂုဏ်ပြုပန်းခြင်းများ ပေးအပ်သည်။

ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်း တွင် သံတမန်များနှင့် ဇနီးများသည်

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူနှင့် မြန်မာနိုင်ငံဆိုင်ရာ သံတမန်များအဖွဲ့နာယက စင်ကာပူသံအမတ်ကြီး ခေါင်းဆောင်သော သံတမန်လေ့လာရေးအဖွဲ့ အင်းလေးရှိ ငွေထည်လုပ်ငန်းကို ကြည့်ရှုစဉ်။
(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် မြန်မာနိုင်ငံဆိုင်ရာ သံတမန်များ အဖွဲ့နာယက စင်ကာပူသံအမတ်ကြီး ခေါင်းဆောင်သော သံတမန်လေ့လာရေးအဖွဲ့အား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ဂုဏ်ပြုညစာဖြင့်တည်ခင်းပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။
(သတင်းစဉ်)

ငွေထည်လုပ်ငန်းများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ရွှေကျွန်းမျှော် ဟိုတယ်(၁)သို့သွားရောက်ကာ အင်းလေးရိုးရာ လှေလှော်ပြိုင်ပွဲကို ကြည့်ရှုအားပေးကြပြီး ဆုရရှိသူများကို သံတမန်များအဖွဲ့နာယက စင်ကာပူသံအမတ်ကြီးနှင့်ဒုတိယနာယက ဖိလစ်ပိုင်သံအမတ်ကြီးတို့က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်သံတမန်များအဖွဲ့သည် အင်းပေါ်ခုံရွာရှိ မြစကြာပိုးထည်လုပ်ငန်းနှင့် ကြာချည် ထုတ်လုပ်မှုလုပ်ငန်းသို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။ ထို့နောက် စက်လှေများဖြင့် အင်းလေးကန်မှ ညောင်ရွှေမြို့သို့ရောက်ရှိ ကြပြီး ညောင်ရွှေမြို့မှ မော်တော်ယာဉ်များဖြင့် တောင်ကြီးမြို့ ရှမ်းပြည်နယ်ရိုးရာယဉ်ကျေးမှုပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

<u>**ဂုဏ်ပြုပန်းခြင်းပေး**</u>

ညပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာန

ရွှေဘုန်းပွင့်ဘုရား၊ စုဠာမုနိဘုရားတို့ကို သွားရောက်ကြည်ညိုကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် သံတမန်များလေ့လာရေးအဖွဲ့သည် မော်တော်ယာဉ်များဖြင့် တောင်ကြီးမြို့နယ်ရွှေဟောင်းသမိုင်းဝင် မွေတော်ကက္ကူဘုရားကို သွားရောက်ကြည်ညိုကြရာ ဘုရားဂေါပကအဖွဲ့က ရှင်းလင်း ပြောကြားသည်။

ထို့နောက် သံတမန်များလေ့လာရေးအဖွဲ့က ကက္ကူဘုရားဝင်းရှိ ဘုရားအမှတ်(အက်ဖ်-၂၃၁)နှင့် အထွေထွေဝေယျာဝစ္စအလှူငွေအတွက်အမေရိကန်ဒေါ်လာ ၃၃၀ နှင့် ငွေကျပ် ၃၀၀၀၀ ကိုလည်းကောင်း၊ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Suphot Dhirakaosal နှင့်ဇနီးတို့က ဘုရားအမှတ်(အက်ဖ်-၂၃၆)အတွက် အမေရိကန်ဒေါ်လာ ၃၀၀ ကိုလည်းကောင်း၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ရုံး (WFP)ညွှန်ကြားရေးမှူး Mr. Bhim Udas နှင့်ဇနီးတို့က ဘုရားအမှတ်(အက်ဖ်-၂၅၃)အတွက် အမေရိကန်ဒေါ်လာ ၃၀၅

ကိုလည်းကောင်း ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းကြသည်။

ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးနှင့် သံတမန်လေ့လာရေးအဖွဲ့သည် မော်တော်ယာဉ်များဖြင့် တောင်ကြီးမြို့မှ ပင်းတယမြို့သို့ထွက်ခွာ၍ ရွှေဥမင်လိုဏ်ဂူတော်ကို သွားရောက်ကြည့်ရှုလေ့လာကြပြီး ဟဲဟိုးလေဆိပ်သို့ မော်တော်ယာဉ်များဖြင့် သွားရောက်ကြသည်။

ဟဲဟိုးလေဆိပ်တွင် ဒုတိယဝန်ကြီးနှင့် သံတမန်လေ့လာရေးအဖွဲ့အား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝင်းမြင့်၊တပ်နယ်မှူး ဗိုလ်မှူးချုပ်သောင်းထိုက်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာပုဂ္ဂိုလ်များက ကြိုဆိုနှုတ်ဆက်ပြီး လေ့လာရေးအဖွဲ့သည်အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

စာပေဟောပြောပွဲ ပေါက်ခေါင်းတွင်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပဲခူးတိုင်း ပေါက်ခေါင်းမြို့နယ် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၁၄ရက်ညက မြို့လယ်ခမ္မာရုံတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပရာ ကဗျာဆရာ မောင်သွေးသစ်၊ စာရေးဆရာမောင်သိန်းဆိုင်နှင့် ဆရာချစ်စံဝင်းတို့က စာပေရေးရာများကို ဟောပြောကြသည်။ အခမ်းအနားသို့ စာပေစိတ်ဝင်စားသူ ပြည်သူ ၁၅၀၀ ခန့် တက်ရောက်ကြသည်။ **(က-ပ)**

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

ဝေပုလ္လသန္တိသုခသုံးထပ်ကျောင်းတော်ကြီး ရေစက်ချအလှူတော်မင်္ဂလာကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်ရှိ သာသနာ့ဝေပုလ္လ ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာနန္ဒာဘိသီရိနှင့် အလှူရှင်များ စုပေါင်းဆောက်လုပ်လှူဒါန်းသော ဝေပုလ္လသန္တိသုခသုံးထပ်ကျောင်းတော်ကြီး ကျောင်းလွှတ်ပူဇော်ပွဲ ရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် နာယကချုပ်ဆရာတော်၊ ရန်ကုန်တိုင်းနှင့် မြို့နယ်သံဃနာယကအဖွဲ့ဝင်ဆရာတော်များ ကြွရောက်တော်မူကြမည်ဖြစ်ပြီး ပင့်သံဃာတော်အပါး ၁၀၀ တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကံ့ကော်ရွာပန်းချီပြပွဲ ခင်းကျင်းပြသ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

(၁၅)ကြိမ်မြောက် ကံ့ကော်ရွာ ပန်းချီပြပွဲကို ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ လောကနတ် အလှပညာခန်းမ၌ ဖေဖော်ဝါရီ၁၆ရက်မှ ၂၁ရက်အထိ နေ့စဉ်နံနက်၁၀နာရီမှ ညနေ၅နာရီအထိ ခင်းကျင်းပြသလျက်ရှိသည်။

ပြပွဲတွင် ပန်းချီပညာရှင် ဦးသိန်းဟန်၊ ဦးနန်းဝေ၊ ဦးလွန်းကြွယ်၊ ဦးသုခတို့အပါအဝင်ပန်းချီဆရာ ၄၁ဦးတို့က ဆီဆေး၊ ရေဆေး၊ အခရိုင်လစ်တို့ဖြင့် ရေးဆွဲထားသည့် ပန်းချီ၊ ပန်းပု ၈၁ ခု တို့ကို ပြသထားရာ စိတ်ဝင်စားသူများ အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(က-ပ)**

သာယာဝတီမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၇

သာယာဝတီမြို့နယ်အသင်း၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၂ရက် (တနင်္ဂနွေနေ့) နံနက်၉ နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်း ပဒုမ္မာကွင်းအနီး ကျွန်းတောကျောင်းတိုက် ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။ အသက်၇၅နှစ်ပြည့်ပြီးသူများနှင့် ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရအသင်းဝင်တို့၏သားသမီးများသည် ဥက္ကဋ္ဌ ဦးတင်လှ ဖုန်း-၅၃၇၀၀၁၊ အတွင်းရေးမှူးဒေါက်တာနေဦး ဖုန်း-၇၀၀၄၃၄ နှင့် အမှုဆောင်ဦးသက်မော်ဦး ဖုန်း-၂၉၂၈၂၈ တို့သို့ ဆက်သွယ်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

အောင်မေတ္တာကုမ္ပဏီလီမိတက် နှစ်သစ်ကူးမိတ်ဆုံစားပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

အောင်မေတ္တာကုမ္ပဏီလီမိတက်၏ နှစ်သစ်ကူးမိတ်ဆုံစားပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် ည ၇ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနား ဟိုတယ်၌ကျင်းပသည်။

အခမ်းအနားသို့ ဖိတ်ကြားထားသော ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အရောင်းဆိုင်များမှ ကိုယ်စားလှယ်များ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ၊ အောင်မေတ္တာကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာနှင့်တာဝန်ရှိသူများ၊ မိတ်ဖက်ကုမ္ပဏီလီမိတက်များမှ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အောင်မေတ္တာကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးသိန်းအောင် **(အောက်ပုံ)** က အမှာစကားပြောကြားပြီး မန်နေဂျာဒေါ်နုနုလွင်က အောင်မေတ္တာကုမ္ပဏီလီမိတက်၏ ထူးချွန်သောအရောင်းဆိုင်များကိုကြေညာပြီး ပထမ၊ ဒုတိယနှင့် တတိယရ အရောင်းဆိုင်များအား ကုမ္ပဏီလီမိတက်မန်နေဂျင်း ဒါရိုက်တာနှင့် မန်နေဂျာများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အောင်မေတ္တာ ကုမ္ပဏီလီမိတက်သည် နိုင်ငံခြားစံချိန်မီ Export Quality ရှိသည့် အဆင့်မြင့်ဘောလ်ပင်များကို ထုတ်လုပ်ဖြန့်ချိလျက်ရှိပြီး ၂၀၀၄ ခုနှစ်တွင် အသစ်ထုတ်လုပ်သော Super Star အကောင်းစား ဘူးဘောလ်ပင်ကို ထုတ်လုပ်ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရောဝတီတိုင်းသည် မြန်မာနိုင်ငံ၏ အဓိကဆန်စပါးထွက်ရှိရာတိုင်းဖြစ် နွေစပါးလျာထားချက်နှင့်အညီ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရောဝတီတိုင်း ဖျာပုံခရိုင် ဘိုကလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၇ နာရီခွဲတွင် ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားခြင်းအခမ်းအနားသို့တက်ရောက်၍ အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစန်းငွေက ဘိုကလေးမြို့နယ်၏ တည်နေရာ၊ အကျယ် အဝန်းနှင့် စီးပွားရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံအား ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံဖြစ်လာရေးအတွက် အေးချမ်းတည်ငြိမ်ပြီး တရားဥပဒေစိုးမိုးရန်၊ စီးပွားရေးတောင့်တင်းခိုင်မာရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် လိုကြောင်း၊ ယခုအခါ မြန်မာနိုင်ငံသည် အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးမှု ရှိနေပြီဖြစ်ကြောင်း၊ စီးပွားရေး တောင့်တင်းခိုင်မာရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် သားငါးကဏ္ဍကိုအခြေခံပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်များချမှတ်ပြီး အသိပညာရှင်၊ အတတ်ပညာရှင်များအား မွေးထုတ်ပေးလျက်ရှိကြောင်း။

နိုင်ငံတော် စီးပွားရေးတောင့်တင်းခိုင်မာအောင် ဆောင်ရွက်ရာတွင် လူတစ်ဦးချင်းစီ၏ ဝင်ငွေတိုးတက်မှသာ တိုင်းပြည်တိုးတက်မည်ဖြစ်ကြောင်း၊ ရောဝတီတိုင်းအနေဖြင့် မြန်မာနိုင်ငံ၏အဓိက ဆန်စပါးထွက်ရှိရာတိုင်းဖြစ်ပြီး ယခင်နှစ်က မိုးစပါးဧက၃၄သိန်း စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ နွေစပါးကိုလည်း ဧက ၁၆ သိန်းစိုက်ပျိုးရန် လျာထားပြီး လျာထားချက်နှင့်အညီ စိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း။

ဝန်ထမ်းများအနေဖြင့်လည်း တာဝန်ကျေရုံမလုပ်ဘဲ စေတနာထား၍ ကြိုးစားလုပ်ကိုင်ကြစေလိုကြောင်း၊ ဘိုကလေးမြို့ကို ယခုထက်ပို၍ မြို့အင်္ဂါရပ်နှင့်ညီညွတ်စေရန် စီမံခန့်ခွဲရေး နည်းလမ်းများဖြင့် ဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဘိုကလေးမြို့မှ ရေယာဉ်ဖြင့် ဘိုကလေးမြို့နယ် မိန်းမလှကျွန်းရှိ သစ်တောဦးစီးဌာန မိန်းမလှကျွန်း ဘေးမဲ့တော ကြောင်းထောက်စခန်းသို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစန်းလွင်နှင့် အုပ်ချုပ်ရေးမှူး ဦးစိုးလွင်တို့က မိန်းမလှကျွန်း၏ တောအမျိုးအစား၊ ပေါက်ရောက်သော သစ်မျိုးနှင့် ပရဆေးပင်များ၊ မိန်းမလှကျွန်းကို ဘေးမဲ့တောအဖြစ် ကာကွယ်ထိန်းသိမ်းမှု၊ တောရိုင်းတိရစ္ဆာန်များ၊ ဒီရေတောဒေသတွင် ကျက်စားသည့် ကမ်းခြေပျော်ငှက်များ၊ ဒေသပြောင်းဆောင်းခိုငှက်များနှင့် မျိုးသုဉ်းမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသော ရေချိုရေငန်စပ် မိကျောင်းကို သဘာဝအနေအထားတွင် မျိုးပြန့်ပွားနိုင်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက မိန်းမလှကျွန်းတွင် ပေါက်ရောက်လျက်ရှိသော ဒီရေရောက်သစ်တောများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ သားငှက်တိရစ္ဆာန်များ ထိန်းသိမ်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် မျိုးသုဉ်းမည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသော ရေချိုရေငန်စပ်မိကျောင်းအား သဘာဝ အနေအထားတွင် မျိုးပြန့်ပွားနိုင်ရန် ထိန်းသိမ်းစောင့်ရှောက် မွေးမြူထားရှိမှုကို ကြည့်ရှုသည်။

ပြန်လည်လွှတ်ပေး

မိန်းမလှကျွန်းကို သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနက ၁၉၉၄ခုနှစ်၌ စတင်၍ ဘေးမဲ့တောအဖြစ် သတ်မှတ်ကာ မြစ်ဝကျွန်းပေါ်ဒေသရှိ ဒီရေတောအဖွဲ့အစည်းကို ထိန်းသိမ်းရန်၊ သားငှက်တိရစ္ဆာန်များ၊ ရေချိုရေငန်စပ်မိကျောင်းများ မျိုးပွားခိုလှုံရာဒေသအဖြစ် ထိန်းသိမ်းရန်နှင့် သဘာဝကိုအခြေခံသော ခရီးသွားလုပ်ငန်း မြှင့်တင်ဆောင်ရွက်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ကြောင်းထောက်စခန်းနှင့် သောင်ချောင်းစခန်းတို့တွင် မျိုးသုဉ်းမည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသော ရေချိုရေငန်စပ်မိကျောင်း ၄၇ ကောင်ကို လက်ရှိမွေးမြူထိန်းသိမ်း စောင့်ရှောက်ကာ ၁၉၉၉ခုနှစ်မှ ၂၀၀၃ခုနှစ် ကာလအတွင်း မိကျောင်းမျိုးဆက်ပြန့်ပွားနိုင်ရန် မိကျောင်း ၉၃ ကောင်ကို ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြို့နယ် ဖိုးမွေးကျွန်းရှိ သစ်တောဦးစီးဌာန ဒီရေတောဥယျာဉ် အမှတ်(၁)သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များအား သစ်တောဦးစီးအရာရှိ ဦးညီညီ၊ သစ်တောဦးစီးဌာန ရောဝတီတိုင်း လက်ထောက်တိုင်းဦးစီးမှူး ဦးဝင်းမောင်နှင့် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစန်းလွင်တို့က ဒီရေတောဥယျာဉ် ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဒီရေတောဥယျာဉ် ထိန်းသိမ်းစောင့်ရှောက်ရေး၊ စည်းကမ်းမဲ့သစ်ခုတ်ခြင်းကို ဥပဒေနှင့်အညီ အရေးယူရေးတို့နှင့်စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရေယာဉ်ဖြင့်ဆက်လက်ထွက်ခွာလာကြရာ ညနေ ၄ နာရီတွင် ဘိုကလေးမြို့နယ် ကဒုံကနီကျေးရွာသို့ရောက်ရှိကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ကဒုံကနီတိုက်နယ်ဆေးရုံသို့ ရောက်ရှိကြရာ ရောဝတီတိုင်း ကျန်းမာရေး ဦးစီးဌာန ဦးစီးမှူး ဦးသန်းအောင်နှင့် တာဝန်ခံဆရာဝန် ဒေါက်တာတင်ထူးလှိုင်တို့က လူနာများအား ဆေးဝါးကုသပေးမှု၊ ဝန်ထမ်းအင်အားစသည်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဆေးဝါးကုသမှု ခံယူလျက်ရှိသည့် လူနာများအား ကြည့်ရှုအားပေးစကားပြောကြားပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က လူနာများအား ထောက်ပံ့ငွေများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တိုက်နယ်ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်းနှင့် ဖျာပုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်က အလှူငွေကျပ် ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ခံဆရာဝန် ဒေါက်တာ တင်ထူးလှိုင်က လက်ခံသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကဒုံကနီကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကွန်ပျူတာခန်းနှင့် Language Lab စာသင်ခန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အဆိုပါကျောင်းမှ ဘိုကလေးမြို့ စာစစ်ဌာနတွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲသွားရောက်ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများ၏ ခရီးစရိတ်အတွက် အလှူငွေကျပ် ၁၅၀၀၀၀ နှင့် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ကဒုံကနီကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်း လေးကျောင်းအတွက် ကျောင်းရန်ပုံငွေ အလှူငွေကျပ်ငါးသောင်းတို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာကြီး ဦးမောင်လုံးက လက်ခံသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကဒုံကနီကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံ အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ကဒုံကနီကျေးရွာတွင် ညအိပ်ရပ်နားသည်။ **(သတင်းစဉ်)**

ညောင်ကန်အေး သာသနာ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့ စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် အင်းစိန်လမ်း အမှတ်(၆)ရှိ မဟာစည်သြဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့ (၂၃)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါရိပ်သာ သာသနသီလ ဓမ္မဗိမာန် ပထမထပ်၌ ကျင်းပမည်ဖြစ်ရာ ညောင်ကန်အေးရိပ်သာ ဝေယျာဝစ္စ အမှုဆောင်အဖွဲ့ဝင်များနှင့် ယောဂီဟောင်းများ၊ အလှူရှင်များ တက်ရောက်ကြပါရန် ဝေယျာဝစ္စအဖွဲ့က နိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

စာဆိုတော်နေ့စာပေဟောပြောပွဲ မကွေးတွင်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မကွေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် မကွေးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကျင်းပသော ၁၃၆၅ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက်က မြို့တော်ခန်းမတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို)ဥက္ကဋ္ဌမှပေးပို့သည့် သဝဏ်လွှာကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့အတွင်းရေးမှူး မောင်မွန်မြတ် (ကျေးလက်-မကွေး)က ဖတ်ကြားပြီး မကွေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဆွေက အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ကျော်ဇောလင်း (မကွေး)က တိုင်းအတွင်းထင်ရှားသော စာဆိုများအကြောင်း ကိုပြောကြားပြီး မကွေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမျိုးညွှန့်၊ မကွေး မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့နာယက ဦးဟန်မောင် (မောင်မောင်ဟန်-မကွေး)တို့က ဆုရစာရေးဆရာများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် စာပေဟောပြောပွဲ ဆက်လက်ကျင်းပရာ စာရေးဆရာ ရွှေစွန်ညို၊ ဒေါက်တာခင်မောင်ညို၊ ကောင်းသန့် (အမျိုးသားစာပေဆုရ) နှင့် မြသန္တာ(အမျိုးသားစာပေဆုရ)တို့က ဟောပြောကြကြောင်းသိရသည်။ **(၄၀၅)**

လူတွင်ဖြစ်ပွားနိုင်သောကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

၁။ ယခုအခါ အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအချို့၌ ကြက်ငှက်တုပ်ကွေးရောဂါများ ဖြစ်ပွားလျက်ရှိပါသည်။ ဤရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားပြီး ကြက်ငှက်များမှတစ်ဆင့် လူများသို့ကူးစက်ပျံ့နှံ့ကာ ရောဂါဖြစ်ပွားစေနိုင်ပါသည်။

၂။ မြန်မာနိုင်ငံတွင် ဖြစ်ပွားခြင်းမရှိသေးသော်လည်း ကြက်ငှက်တုပ်ကွေးရောဂါ ဝင်ရောက်မလာနိုင်ရေးအတွက် ကာကွယ်ထားရန် အထူးလိုအပ်လျက်ရှိနေပါသည်။

၃။ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်စေသော ဗိုင်းရပ်စ်ပိုးများသည် ဆောင်းခိုငှက်များ၊ ငှက်ရိုင်းများဖြစ်သော ရေဘဲ၊ ရေငှက်၊ စင်ရော်၊ ခိုအစရှိသော ငှက်များတွင် ရောဂါလက္ခဏာမပြဘဲ ရှိနေနိုင်ပြီး ၎င်းတို့၏မစင်၊ အညစ်အကြေးမှတစ်ဆင့် မွေးမြူရေး ကြက်၊ ဘဲ၊ ငှက်များသို့ ကူးစက်နိုင်ပါသည်။ မွေးမြူထားသော ကြက်ငှက်များသို့ ရောဂါကူးစက်ပါက အချိန်တိုအတွင်း ချက်ချင်း ကြက်၊ ဘဲ၊ ငှက်များ ခြံလုံးကျွတ် ရောဂါကူးစက် သေဆုံးသွားနိုင်ပါသည်။ ဤကဲ့သို့ ကြက်ငှက်များ ခြံလုံးကျွတ်သေဆုံးမှု ဖြစ်ပွားပါက နီးစပ်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အမြန်ဆုံးအကြောင်းကြားပြီး ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

၄။ ရောဂါဖြစ်နေသော ကြက်၊ ဘဲ၊ ငှက်များနှင့် အနီးကပ်ထိတွေ့နေသူများနှင့် ရောဂါကြောင့် သေဆုံးသွားသော ကြက်၊ ဘဲများကို ကိုင်တွယ်မိသူများထံသို့ အောက်ပါအတိုင်း ကူးစက်နိုင်ပါသည်။
(က) ကြက်ငှက်တုပ်ကွေးရောဂါဖြစ်နေသော ကြက်၊ ဘဲ၊ ငှက်များထံမှ ရောဂါပိုးတိုက်ရိုက်ကူးစက်ခြင်း၊
(ခ) ရောဂါဖြစ်နေသော ကြက်၊ ဘဲ၊ ငှက်တို့၏ မစင်များ၊ အညစ်အကြေးများကို လက်ဖြင့်ကိုင်တွယ်မိခြင်း၊
(ဂ) ရောဂါဖြင့် သေဆုံးသွားသော ကြက်၊ ဘဲ၊ ငှက်များနှင့် ရောဂါပိုးပါရှိနေသော ကြက်ခြံထွက်ပစ္စည်းများကို ထိကိုင်ပြီး လက်မဆေးမိခြင်း စသည်တို့ကြောင့် ကူးစက်နိုင်ပါသည်။

၅။ လူများအား ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ခံရခြင်းမှ ကာကွယ်ရန်အတွက်-
(က) ကြက်ခြံလုပ်သားများသည် သတ်မှတ်ထားသော ဝတ်ရုံ၊ ခေါင်းစည်း၊ နှာခေါင်းစည်း၊ လက်အိတ်၊ လည်ရှည်ဖိနပ်များ ဝတ်ဆင်ရန်၊
(ခ) မွေးမြူရေးခြံများအတွင်းသို့ မသက်ဆိုင်သူများ၊ ကလေးများ လုံးဝဝင်ရောက်မှုမပြုရန်၊
(ဂ) ကြက်၊ဘဲ သယ်ဆောင်သူများ၊ ကြက်ကိုင်သူများ၊ ကြက်ဒိုင်လုပ်သားများ၊ ရောင်းသူများသည် ရောဂါကာကွယ်နိုင်သည့် လက်အိတ်၊ဖိနပ်၊အေပရွန်ခါးစည်း စသည့် သတ်မှတ်ထားသော ဝတ်စုံများ ဝတ်ဆင်ရန်၊
(ဃ) ကြက်၊ ဘဲများကို မကိုင်တွယ်မီနှင့် ကိုင်တွယ်ပြီး လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောရန် လိုအပ်ပါသည်။

၆။ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသော မွေးမြူရေးခြံများနှင့်ထိတွေ့မှုရှိသည့် ကြက်ခြံလုပ်သားများနှင့် အနီးကပ် ထိတွေ့နေထိုင်သူများတွင် တုပ်ကွေးရောဂါလက္ခဏာများ ပေါ်ပေါက်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အကြောင်းကြားပြီး ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနနှင့်ကျန်းမာရေးဝန်ကြီးဌာန

● သွင်းကုန်မှ

ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင့်လွင်ဦးက “သမဝါယမ ဝန်ကြီးဌာနရဲ့ ဦးဆောင်မှုနဲ့ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်း ဦးစီးဌာနဟာ စက်မှုလက်မှု ကုန်ထုတ်သမဝါယမအသင်းလီမိတက်များ၊ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းရှင်များ၊ စက်မှုဇုန်များမှ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ နည်းပညာကျွမ်းကျင်သူများအား ပေါင်းစည်းစေ၍ ပြည်သူလူထုကြားမှာ စက်မှုလက်မှုနည်းပညာများ ပြန့်ပွားစေပြီး စက်မှုလက်မှု လုပ်ငန်းသစ်များ ပေါ်ထွက်လာစေဖို့နဲ့ ဈေးကွက်ပိုမိုရရှိစေဖို့နဲ့ သွင်းကုန်အစားထိုး အိမ်တွင်း စက်မှုလက်မှု ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဆွေးနွေးပွဲ–၂၀၀၄ကို ခမ်းနားထည်ဝါစွာ ကျင်းပသွားမှာဖြစ်ပါတယ်။

ပြပွဲရဲ့ ရည်ရွယ်ချက်တွေကတော့–

(၁) နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ်ကို အခြေခံသော ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများ တိုးတက်မြင့်မားလာစေရန်၊

(၂) စက်မှုလက်မှုသုံးစက်ပစ္စည်းများ ထုတ်လုပ်မှုတိုးတက်စေရန်။

(၃) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ၊ သမဝါယမ စက်မှုလက်မှု လုပ်ငန်းများကို အကြီးစား စက်မှုလက်မှုလုပ်ငန်း၊ စက်မှုဇုန်များရှိ စက်မှုလုပ်ငန်းများ၊ နိုင်ငံတော်ပိုင် စက်မှုလုပ်ငန်းများနှင့်ပေါင်းစည်း ညှိနှိုင်းဆောင်ရွက်လာနိုင်စေရန်၊ ဈေးကွက်ပိုမိုရရှိလာစေရန်၊

(၄) စက်မှုလက်မှုဆိုင်ရာ အသိပညာ၊ အတတ်ပညာများ ပြည်သူလူထု အတွင်းသို့ စိမ့်ဝင်ပျံ့နှံ့စေရန်၊

သွင်းကုန်အစားထိုး အိမ်တွင်း စက်မှု လက်မှု ထုတ်ကုန် ပစ္စည်း ပြပွဲနှင့်ဆွေးနွေးပွဲ–၂၀၀၄ ကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး အိမ်တွင်း စက်မှု လက်မှု လုပ်ငန်း ဦးစီးဌာနမှ အင်ဂျင်နီယာမှူးကြီး ဦးမြသန်းက စာတမ်းဖတ်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။

ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

(၅) နိုင်ငံတော်အား ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် စက်မှုကဏ္ဍက အထောက်အကူဖြစ်စေရန်၊

(၆) လုပ်ငန်းအခက်အခဲနှင့် လိုအပ်ချက်များ စုပေါင်းဖြေရှင်းနိုင်ရန်

တို့ဖြစ်ပါတယ်။

ဒီပြပွဲမှာ သမဝါယမအသင်းလီမိတက်များနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်များက ပြခန်းပေါင်း ၅၄ ခန်းဖြင့် စက်မှုလက်မှုလုပ်ငန်းရှင်များရဲ့ သွင်းကုန် အစားထိုးပစ္စည်းများ၊ ထုတ်လုပ်ပုံနည်းစနစ်များ၊ ကုန်ပစ္စည်း အမည်သစ်(အမယ်သစ်) ဆန်းသစ်တီထွင်မှုများ၊ စက်မှုလက်မှုလုပ်ငန်းသုံးစက်ပစ္စည်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် အခြေခံကုန်ထုတ်လုပ်မှုလုပ်ငန်းများဆိုင်ရာ နည်းပညာပြကွက်များ၊ သဘာဝစွမ်းအင်ဆိုင်ရာ နည်းပညာပြကွက်များ၊ ထုပ်ပိုးမှုဆိုင်ရာနည်းပညာပြကွက်များ၊ ကုန်ထုတ်လုပ်မှုနည်းပညာဆိုင်ရာ ဆွေးနွေးခြင်းလုပ်ငန်းများ ပါဝင်မှာဖြစ်ပါတယ်။

အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေနဲ့–

- ၁၉၈၉ခုနှစ် ဩဂုတ်လက မြောက်ဥက္ကလာပမြို့နယ် စက်မှု လက်မှုပြပွဲ၊ ဆွေးနွေးပွဲ၊
- ၁၉၉၁ ခုနှစ် ဇန်နဝါရီလက ယွန်းပညာရပ်ဆိုင်ရာ နှီးနှော ဖလှယ်ပွဲ (ပုဂံမြို့)၊
- ၁၉၉၁ ခုနှစ် ဩဂုတ်လက ရန်ကုန်တိုင်း ပြည်တွင်း စက်မှု လက်မှုပြပွဲ (တပ်မတော်ခန်းမ)၊
- ၁၉၉၂ ခုနှစ် စက်တင်ဘာလက မြန်မာ့ရိုးရာကျေးလက် အနုပညာပြပွဲ (တပ်မတော်ခန်းမ)နဲ့
- စက်မှုလက်မှုလုပ်ငန်းရှင်များဆွေးနွေးပွဲနှင့် စက်မှုလက်မှုပစ္စည်းပြပွဲ (မြောက်ဥက္ကလာပမြို့နယ်)၊
- ၁၉၉၃ခုနှစ် ဇွန်လက မြန်မာ့သမဝါယမစက်မှုလက်မှုပြပွဲ (တပ်မတော်ခန်းမ)၊
- ၁၉၉၃ခုနှစ် နိုဝင်ဘာလက ထုပ်ပိုးမှုပြပွဲ(တပ်မတော်ခန်းမ)၊
- ၁၉၉၅ခုနှစ် ဇွန်လက သွင်းကုန်အစားထိုးလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲ (ရန်ကုန်မြို့)၊
- ၁၉၉၅ခုနှစ် ဒီဇင်ဘာလက ရက်ကန်းပညာတိုးတက်ဖွံ့ဖြိုးရေးဆွေးနွေးပွဲ (ပခုက္ကူမြို့)၊
- ၁၉၉၆ခုနှစ် ဇန်နဝါရီလက ယွန်းပညာတိုးတက်မှုဖွံ့ဖြိုးရေးဆွေးနွေးပွဲ (ပုဂံမြို့)၊
- ၁၉၉၆ခုနှစ် မတ်လက ကျောက်ကာယွန်းထည်ပစ္စည်းထုတ်လုပ်မှုတိုးတက်ရေးဆွေးနွေးပွဲ(မုံရွာမြို့)၊
- ၁၉၉၆ ခုနှစ် ဇွန်လက ဝါချည်အလေအလွင့်အသုံးချရေး ဆွေးနွေးပွဲ (မုံရွာမြို့)နဲ့
- မြန်မာ့ရွှေချည်ထိုးလုပ်ငန်းဆွေးနွေးပွဲ (အမရပူရမြို့)၊
- ၁၉၉၉ ခုနှစ် နိုဝင်ဘာလက အိမ်တွင်းစက်မှုလက်မှုပြပွဲ၊ ဆွေးနွေးပွဲ (မြောက်ဥက္ကလာပမြို့နယ်)၊
- ၂၀၀၁ ခုနှစ် နိုဝင်ဘာလက ဂျပန်နိုင်ငံ အဝယ်ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာ့လက်မှုထည်လုပ်ငန်းရှင်များ၏ လက်မှုထည်ပစ္စည်းပြပွဲ၊ ဆွေးနွေးပွဲ (ရန်ကုန်၊ မန္တလေး)နဲ့
- လူမျိုးစု ယွန်းအနုပညာပြပွဲ (အမျိုးသားပြတိုက်)၊

သွင်းကုန်အစားထိုး အိမ်တွင်း စက်မှု လက်မှု ထုတ်ကုန်ပစ္စည်း ပြပွဲနှင့် ဆွေးနွေး ပွဲ–၂၀၀၄ ကျင်းပ ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ အိမ်တွင်း စက်မှု လက်မှု လုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူးချုပ် ဦးတင့် လွင်ဦးက ပြပွဲ နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

- ၂၀၀၂ခုနှစ် ဇန်နဝါရီလက မြန်မာ့ယွန်းပွဲတော် (ပုဂံမြို့)၊
- ၂၀၀၂ခုနှစ် မေလက မြန်မာ့စက်မှုလက်မှု မြှင့်တင်ရေးထုတ်ကုန်ပစ္စည်းပြပွဲ၊ နည်းပညာပြပွဲနှင့် ဈေးရောင်းပွဲတော်(မန္တလေးအဆင့်မြင့်ရတနာပုံဈေးသစ်)၊
- ၁၉–၁၀–၂၀၀၂ မှ ၁၁–၁–၂၀၀၃ ရက်အထိ စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ (သာကေတ၊ မြောက်ဥက္ကလာ၊ တောင်ဥက္ကလာ၊ ပြည်)စတဲ့ပြပွဲနဲ့ ဆွေးနွေးပွဲတွေကို ကြီးမှူးကျင်းပပေးနိုင်ခဲ့ပါတယ်”

ဟူ၍ မြန်မာ့အလင်းသို့ ပြောပြသည်။

ဆက်လက်၍ သွင်းကုန်အစားထိုး အိမ်တွင်း စက်မှုလက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဆွေးနွေးပွဲ–၂၀၀၄ ကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အင်ဂျင်နီယာမှူးကြီး ဦးမြသန်းက စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲအစီအစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

ပြပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးမြသန်းက ရှင်းလင်းပြောကြားရာတွင်“စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲမှာ သဘာပတိအဖြစ် စက်မှုလက်မှုသမဝါယမအသင်း စုချုပ် ဥက္ကဋ္ဌဦးထွန်းရည်က ဆောင်ရွက်မှာဖြစ်ပြီး Sun Myanmar Elephant House Co., Ltd.မှ စက်ရုံမှူး ဦးသောင်းထွန်းက ‘မြန်မာ့လက်မှုထည်ကဏ္ဍ ဖွံ့ဖြိုးရေးနှင့် ဈေးကွက်တိုးချဲ့ရေးအရေးပါမှု’စာတမ်း၊ ရွှေပြည်သာစက်မှုဇုန်ရှိ ဓာတုအင်ဂျင်နီယာ ကုန်ထုတ်သမဝါယမ အသင်းမှ

သွင်းကုန်အစားထိုး အိမ်တွင်း စက်မှုလက်မှုထုတ်ကုန် ပစ္စည်းပြပွဲနှင့် ဆွေးနွေးပွဲ–၂၀၀၄ကျင်းပမည့်မုခ်ဦးကို ဤသို့တွေ့ရသည်။

ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

အတိုင်ပင်ခံပညာရှင် ဦးဝင်းမောင်က ‘ကျေးလက်သုံး ခြေနင်းရေတင်စက်’ စာတမ်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးငွေအောင်က ‘မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံအသေးစားနှင့် အလတ်စားလုပ်ငန်းကဏ္ဍများအကြောင်း တင်ပြခြင်း’စာတမ်း၊ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှထွန်းက ‘သွင်းကုန်အစားထိုးလုပ်ငန်းများ ဖွံ့ဖြိုးရေး’စာတမ်း၊ စက်မှုလက်မှု သမဝါယမအသင်းဌာနချုပ်မှဗဟိုအလုပ်အမှု ဆောင်ဦးအောင်မြင့်က ‘မြန်မာနိုင်ငံတွင် ကိုယ့်အားကိုယ်ကိုး ကျေးလက်လျှပ်စစ်မီးပေးခြင်းစနစ်များနှင့် ပြန်ဖြည့်မြဲ စွမ်းအင်အသုံးပြုခြင်း’စာတမ်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချိုချိုက ‘အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနသုတေသနပြုလုပ်ငန်းများအကြောင်း သိကောင်းစရာ’စာတမ်းများကို ဖတ်ကြားဆွေးနွေးကြမှာဖြစ်ပါတယ်”ဟူ၍ ရှင်းလင်းပြောပြသည်။

သမဝါယမဝန်ကြီးဌာနသည် သမဝါယမအသင်းများ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို တိုးတက်ဖွံ့ဖြိုးပြီး စနစ်တကျလုပ်ငန်းအကောင်အထည်ဖြစ်ပေါ်စေရန်ဦးဆောင်သည့် ဝန်ကြီးဌာနတစ်ခုဖြစ်သည်။ ဝန်ကြီးဌာနအောက်ရှိ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် စက်မှုလက်မှုကုန်ထုတ် သမဝါယမအသင်း လီမိတက်များ၏ စက်မှုလက်မှုကုန်ထုတ်လုပ်ငန်းများ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို ကုန်ထုတ်နည်းပညာ၊ အတတ်ပညာများ ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ပုဂ္ဂလိကပိုင် စက်မှုလက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးကိုလည်း ကူညီဆောင်ရွက်ပေးလျက် ကုန်ထုတ်လုပ်ငန်းတိုးတက်ဖွံ့ဖြိုးစေသည့် ဦးစီးဌာနတစ်ခုဖြစ်သည်။

သို့ဖြစ်ရာ **သွင်းကုန်အစားထိုး အိမ်တွင်းစက်မှုလက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဆွေးနွေးပွဲ–၂၀၀၄**သည် ပြည်သူလူထုကြားတွင် စက်မှုလက်မှုနည်းပညာများ ပြန့်ပွားစေပြီး စက်မှုလက်မှုလုပ်ငန်းသစ်များ ပေါ်ထွက်လာကာ ဈေးကွက်ပိုမိုရရှိစေမည်ဟုယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် အကြိမ်(၃၀) မြောက် ၂၀၀၄ခုနှစ် အမျိုးသားတံခွန်စိုက် အပြည်ပြည်ဆိုင်ရာ စစ်တုရင်ပြိုင်ပွဲကို ဖေဖော်ဝါရီ၉ရက်မှ ၂၀ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမတွင် နေ့စဉ်မွန်းလွဲ၁နာရီမှ စတင်၍ကျင်းပလျက်ရှိသည်။

၁၆ဦးယှဉ်ပြိုင်

ဖေဖော်ဝါရီ ၉ ရက်မှ ၁၆ရက်အထိ ပထမအဆင့် ပတ်လည်စနစ်ဖြင့်လည်းကောင်း၊ ဖေဖော်ဝါရီ၁၇ရက်မှ ၂၀ရက်အထိကို ဒုတိယအဆင့်ပတ်လည်အဆင့် သတ်မှတ်၍ကျင်းပရာ အဆိုပါပြိုင်ပွဲသို့ လက်ရည်စစ်ပွဲများမှ အောင်မြင်သူများ၊ ၂၀၀၃ ခုနှစ် လက်ရွေးစင်အဖြစ် ရွေးချယ်ထားသူများအပါအဝင် စုစုပေါင်း ၁၆ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ကျော်ကျော်စိုး (ပြည်ထဲရေး) နှင့် ချန်ပီယံဟောင်း ဒေါက်တာ အောင်သန့်ဇင် (သစ်တော) (လက်ပိုက်ထားသူ) **ယှဉ်ပြိုင်နေစဉ်။ (အဆိုပါပွဲတွင် ဒေါက်တာ အောင်သန့်ဇင်က အနိုင်ရရှိပြီး တစ်မှတ်စတင်ရရှိသွားသည်။)**

(မြန်မာ့အလင်း)

အုပ်စုနှစ်စုခွဲယှဉ်ပြိုင်

အုပ်စုနှစ်စုခွဲ၍ယှဉ်ပြိုင်ရာ (က) အုပ်စုတွင် တစ်ဦးလျှင် ခုနစ်ပွဲစီ ယှဉ်ပြိုင်ရာ ဇော်ဝမ်း(မြို့တော်စည်ပင်)က ခြောက်ပွဲနိုင်၊ တစ်ပွဲရှုံးခြောက်မှတ်၊ ကျော်ကျော်စိုး (ပြည်ထဲရေး)က သုံးပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံး လေးမှတ်ခွဲ၊ ဒေါက်တာ ထွန်းလင်းကျော် (ပြည်ထဲရေး)က သုံးပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံး လေးမှတ်ခွဲ၊ စည်သူ (မြို့တော်စည်ပင်)က သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံး လေးမှတ်ရရှိပြီး ဒုတိယအဆင့်ပတ် လည်ပြိုင်ပွဲသို့ တက်ရောက်သွားသည်။

ဒုတိယအဆင့်တက်ရောက်

(ခ)အုပ်စုတွင် အသက်အငယ်ဆုံး စစ်တုရင်ကစားသမားလေး ဝင်းဇော်ထွန်းက လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ငါးမှတ်၊ ဒေါက်တာအောင်သန့်ဇင်(သစ်တော)က လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ငါးမှတ်၊ မြင့်ဟန် (မြောက်ဥက္ကလာပမြို့နယ်)က သုံးပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးဖြင့် လေးမှတ်ခွဲ၊ ဇော်ဦး (ကာကွယ်ရေး)က နှစ်ပွဲနိုင်၊ ငါးပွဲသရေဖြင့် လေးမှတ်ခွဲ ရရှိပြီး ဒုတိယအဆင့်ပတ်လည်ပြိုင်ပွဲသို့ တက်ရောက်သွားသည်။

(က)အုပ်စုမှ အကောင်းဆုံး စစ်တုရင်သမား လေးဦး၊ (ခ)အုပ်စုမှ အကောင်းဆုံး စစ်တုရင်သမား လေးဦး စုစုပေါင်း ရှစ်ဦးသည် ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၀ ရက်အထိ ကျင်းပလျက်ရှိသည့် ဒုတိယအဆင့်ပတ်လည်စနစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

(မြန်မာ့အလင်း)

ရန်ကုန်ဆေးရုံကြီးအောက်ဆီဂျင်စက်အတွက် ငွေများလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ကွယ်လွန်သူဒေါ်အုံးကြည်အား ရည်စူး၍ စမ်းချောင်းမြို့နယ် ဟံသာဝတီလမ်း အမှတ် (၁၁/၁၃)နေ ဦးကျော်သိန်း သားသမီးမြေးတစ်စုက ငွေကျပ်လေးသိန်း၊ မိဘများကိုအမှူးထား၍ စမ်းချောင်းမြို့နယ် မြောင်းမြလမ်း အမှတ် (၃၆) နေ ဒေါက်တာ မြတ်ကိုကိုမှ ငွေကျပ် တစ်သိန်းတို့ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးကုသဆောင် (၁၁–၁၂)တွင် အသုံးပြုအောက်ဆီဂျင်စက်အတွက် ဖေဖော်ဝါရီ ၁၁ ရက် နံနက်၁၀နာရီက ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ရုံးခန်းမ၌ လှူဒါန်းပွဲ ကျင်းပသည်။

အခမ်းအနားသို့ ဆေးရုံအုပ်ကြီး ဒေါက်တာ တိတ်ဝမ်၊ ဆေးကုသဆောင် (၁၁–၁၂) ဌာနမှ ပါမောက္ခ ဒေါက်တာ တင်တင်အောင်နှင့် အထူးကုဆရာဝန်ကြီးများ၊ ဆေးရုံစီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ အလှူရှင် မိသားစုများ တက်ရောက်ကြသည်။

ဂုဏ်ပြုလွှာ

အလှူရှင်များက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အလှူရှင်နှစ်ဦးကအလှူငွေကျပ်ငါးသိန်းကို အောက်ဆီဂျင်အတွက် ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ တိတ်ဝမ် **(အောက်ပုံ)**က လက်ခံ၍ ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇) မိုင်၊ သလ္လာဝတီလမ်း၊ အမှတ် (၁၀–စီ)နေ
ဦးစိုင်းယီခမ်း[သွန်ကြားရေးမှူး၊ စက်မှုတိုင်း(၄)ဆည်မြောင်းဦးစီးဌာန၊မန္တလေးမြို့]–
ဒေါ်ကြည်ကြည်ထွေး (Yangon International Educare Centre)တို့၏သား

မောင်စိုင်းပြည့်စုံ B.E (Civil), Dip in Technology(Building)

(ပေါင်းလောင်းရေလှောင်တမံဘက်စုံစီမံကိန်း၊ တ.ဆ.ရ–၅၊ဆည်မြောင်းဦးစီးဌာန၊ ပျဉ်းမနားမြို့)

နှင့်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်မိုးကောင်းလမ်း၊ အမှတ်(၁၈)နေ
ဦးလှမြင့်–ဒေါ်တင်တင်လေးတို့၏ တစ်ဦးတည်းသော သမီး

မလေးသန္တာမြင့် B.A (Eco), (Delight Chinese Restaurant)

တို့အား ၂၅–၁–၂၀၀၄ရက်(တနင်္ဂနွေနေ့)တွင် Summit Parkview Hotel ၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော တရားသူကြီးချုပ်ဦးအောင်တိုးနှင့် ဇနီး ဒေါ်အေးကြည်၊ မင်္ဂလာအသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးသော ရဲမှူးကြီး စိန်ထွန်းအောင်(ငြိမ်း)နှင့် ကပ္ပတိန်ဦးဟန်ဇော်(ငြိမ်း)တို့အား လည်းကောင်း၊ ၂၇–၁–၂၀၀၄ရက်(အင်္ဂါနေ့) တွင် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာနာယက ကျောင်းတော်ကြီး၌ ကျင်းပပြု လုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်သော ဆွေမျိုး မိတ်သင်္ဂဟများအား လည်းကောင်း၊ ၁၅–၂–၂၀၀၄ ရက်(တနင်္ဂနွေနေ့) တွင် Yuzana Garden Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင်နှင့် ဇနီး ဒေါ်ခင်မျိုးဦး၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်နှင့် ဇနီး ဒေါ်သက်ဝါ၊ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာပန်းကြဲပေးသော ဒေါက်တာနန်းကြည်ပြာထွေး၊ မင်္ဂလာအောင် စံပယ်ပန်းကုံးနှင့် လက်ထပ်လက်စွပ်ကိုင်ဆောင်ပေးသော ဒေါက်တာနန်းပန်းအိခမ်း၊ သတို့သားအရန်အဖြစ် ဆောင်ရွက်ပေးကြသော မောင်ဇာနည်ဆွေနှင့် မောင်အေးမင်းဦး၊ သတို့သမီးအရန်အဖြစ် ဆောင်ရွက်ပေးကြသော မမိမိထွန်းနှင့် မဖြူမာဝင်း၊ မင်္ဂလာအခါတော်တေးသီချင်း သီဆိုပေးသော တေးသံရှင် ရတနာဦး၊ The Aces တေးဂီတအဖွဲ့၊ မိတ်ကပ်နှင့် ဆံပင် မုဏ်းကို၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော ဒေါ်လာမြင့်အောင်၊ ဓာတ်ပုံနှင့် ဗီဒီယို အကိုင်းနှင့် အဖွဲ့အား လည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက်ဝိုင်းဝန်းကူညီပေးကြသူများ၊ ကိုယ်တိုင်မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့အသိအမှတ်ပြုကြသော ရပ်ဝေး ရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများ၊ Yuzana Garden Hotel မှ မန်နေဂျာ မမေဦးလွင်နှင့် ဝန်ထမ်းများအား လည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် မောင်စိုင်းပြည့်စုံ–မလေးသန္တာမြင့်။

Y.E.S. LANGUAGE CENTRE

ကလေးများအတွက်အင်္ဂလိပ်စကားပြောသင်တန်း MAR-15

Basic Spoken English	FEB-16,23,28
P.I.E & I.E	FEB-23
Grammar Foundation Course	FEB-16

SAT (I), SAT (II), AWC, VEC, TOEFL, IELTS

No.119, Y.W.C.A Building, Bogalayzay Street, Botataung TSP.

ဖုန်းဆက်ရန်ဖုန်း - 245821

ရွှေကြေးစည် မှ ရွှေစက်တော်သို့

Ph:704423, 547295 ... Ph:240860

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့လေကြောင်း
ကြေညာချက်အမှတ်(၄/၂၀၀၄)
လေယာဉ်မောင်၊ လေယာဉ်မယ်ခေါ်ယူခြင်းကိစ္စ

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းမှ ခေါ်ယူထားသော လေယာဉ်မောင်၊ လေယာဉ်မယ်ရာထူး လျှောက်ထားသူများအနက် အပြီးသတ် လူတွေ့စစ်ဆေးမှု အောင်မြင်သူများ အမည်စာရင်းအား ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၀နာရီတွင် မြန်မာ့လေကြောင်း (ရုံးချုပ်) အမှတ်၁၀၄၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့တွင် ကြေညာပါမည်။

မြန်မာ့လေကြောင်း။

အမြန်ရောင်းမည်

HAMADA STAR 900 CD-X / Model No. 593

အမျိုးအစား ပုံနှိပ်စက်

အမြန်ရောင်းမည်။

ဆက်သွယ်ရန် - ဖုန်း- [illegible]

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ သီရိလမ်း၊ အမှတ်(၂၉၄)နေ
(ဦးစိန်ထွန်း)–ဒေါ်မြမြတို့၏သား

ဒေါက်တာမျိုးလွင်ငြိမ်း

M.B.,B.S, M.Med. Sc(Int:Med)
MRCP(UK)D.T.M&H(Lond)

အထူးကုဆရာဝန်ကြီး၊ ကထိက(ဆေးပညာ)၊ မကွေးတိုင်းပြည်သူ့ဆေးရုံကြီး

နှင့်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ ကံ့ကော်မြိုင်လမ်း၊ အမှတ်(၄၀/၂)နေ
ဗိုလ်မှူးဉာဏ်လင်း[(ငြိမ်း)အုပ်ချုပ်မှုဒါရိုက်တာ၊လင်းရတနာကျောက်မျက်ကုမ္ပဏီလီမိတက်]–
ပါမောက္ခဒေါ်အေးအေးမြင့်(ဘောဂဗေဒဌာန၊ရန်ကုန်စီးပွားရေးတက္ကသိုလ်) တို့၏သမီး

ဒေါက်တာဆွေမာလင်း (M.B.,B.S)

လက်ထောက်ဆရာဝန်၊ပြည်သူ့ဆေးရုံ၊မင်းဘူးမြို့

တို့၏ ၁၂–၂–၂၀၀၄ရက်နေ့တွင် Dusit Inya Lake Hotel ၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲနှင့် ၁၄–၂–၂၀၀၄ရက်နေ့တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် မိုးကုတ်ဆွမ်းစားကျောင်းဆောင် ၌ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်း တို့အားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာလက်ဆောင်ပေးပို့ကြသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း လှိုက်လှဲစွာအထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဒေါက်တာမျိုးလွင်ငြိမ်း+ဒေါက်တာဆွေမာလင်း။

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင်
အသုံးပြုရန်လိုအပ်သောရုံးသုံးစက်များဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ရုံးသုံးစက်ပစ္စည်းများကို ဝယ်ယူလိုပါသည်။

Item	Description	Qty
(1.)	30 KVA/40 KVA Generating Set	2 Nos
(2.)	Computer (with C. D Writer)	4 Nos
	- Pentium 4-2. 4/2.66 GH Processor	
	- 128 MB DDR RAM 40 GB Hard Disk	
	- AGP 32 MB 3D 15" SVGA Digital Color Monitor PS/2 Mouse PS/2 Key Board 52 x CD Rom Drive 800 W Multimedia Speaker	
(3.)	Printer (Colour)	4 Nos
(4.)	Flatbed Scanner	1 No
(5.)	Air Conditioner (Window Type) (1.5 HP)	25 Nos
(6.)	Air Conditioner (Split Type) (1.5 HP)	6 Nos
(7.)	Pallet Truck (Hydraulic Type)	3 Nos
(8.)	Type Writer (Myanmar) 18"	3 Nos

၂။ တင်ဒါပေးသွင်းမှုကို ၂၇–၂–၂၀၀၄ ရက် ၁၆:၃၀ နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန အမှတ်၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့၊ ဖုန်း–၂၄၅၆၃၁၊ ၂၄၅၆၂၄၊ ၂၄၅၆၄၅

ကျောင်းဆောင်သစ်ဖွင့်

တီးတိန် ဖေဖော်ဝါရီ ၁၃

တီးတိန်မြို့နယ် မိုဇော်လ်ကျေးရွာ အလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ၉ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌက မြို့နယ်ပညာရေးမှူးသို့ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လိုအပ်သည့်သွေးအချိန်မီပေးပို့နိုင်၍ဂုဏ်ပြု

ညောင်ဦး ဖေဖော်ဝါရီ ၁၃

ညောင်ဦးခရိုင် ညောင်ဦးနှင့် ပုဂံမြို့ မြင့်မြတ်သူစေတနာ သွေးလှူရှင်အသင်း၏ ဒုတိယအကြိမ်သွေးလှူရှင်များ ဂုဏ်ပြုပွဲကို ဖေဖော်ဝါရီ ၁ ရက်က ဒါနဘဏ်ခန်းမတွင် ကျင်းပရာအသင်းအမှုဆောင်အဖွဲ့ဝင်တို့က ဂုဏ်ပြုအမှာစကား ပြောကြားကြပြီး သွေးလှူရှင်များကို သွေးအမျိုးအစားအုပ်စုအလိုက် အသင်းအမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးအောင်ငြိမ်းက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ မြင့်မြတ်သူစေတနာ သွေးလှူရှင်အသင်းသည် အရေးပေါ်လိုအပ်သည့်သွေးတို့ကို အချိန်မီ အပြည့်အဝ ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ပေးပို့ခဲ့သဖြင့် ၂၀၀၂မှ ၂၀၀၃ခုနှစ် တစ်နှစ်တာကာလအတွင်း သွေးလှူရှင် ၄၈၁ ဦးက သွေးပုလင်းပေါင်း ၈၄၀ လှူဒါန်းနိုင်ကြကြောင်း သိရသည်။ **(၃၀၀)**

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ကျန်းမာရေးပညာပေးကွင်းဆင်းကုသ

သဲကုန်း ဖေဖော်ဝါရီ ၁၃

ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး၏ ညွှန်ကြားချက်ကို ခံယူသောအားဖြင့် ပဲခူးတိုင်း(အနောက်ခြမ်း) သဲကုန်းမြို့နယ် အင်းမနှင့် ပုတီးကုန်းတိုက်နယ်ကျန်းမာရေးဌာနမှ ဒေါက်တာမြင့်သိန်းထွန်းနှင့် ဒေါက်တာခင်ထားနှစ်တို့ဦးဆောင်ပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် သဲကုန်းမြို့နယ် လုံ့လကျေးရွာတွင် ခွဲစိတ်လူနာ ၁၇ ဦး၊ အထွေထွေရောဂါဝေဒနာရှင် ၁၇၇ ဦးနှင့် သွားဝေဒနာရှင် ၁၀ ဦးတို့အား ကျေးရွာအရောက် ကွင်းဆင်းကုသပညာပေးဟောပြောပွဲကို ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **(က–ပ)**

ညောင်တုန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က စည်းရုံးရေးအစီအစဉ်အရ အမျိုးသမီးရေးရာအဖွဲ့ ရည်ရွယ်ချက်နှင့်လုပ်ငန်းတာဝန်များ ရှင်းလင်းဆွေးနွေးပွဲကို အထက(၁)နှင့် အထက(၂)တို့တွင် ဖေဖော်ဝါရီ၁၁ရက်က ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ခင်က ရှင်းလင်းဆွေးနွေးစဉ်။ (၀၉၈)

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ (၁၃)နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃၁ ရက်က သန်လျင်မြို့ရှိ ရန်ကုန်(တောင်ပိုင်း)ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနခန်းမ၌ ကျင်းပရာ လုပ်ငန်းတာဝန်များ ကြိုးပမ်းဆောင်ရွက်မှု ထူးချွန်မြို့နယ် ဆုရရှိသော သုံးခွမြို့နယ်ရုံး၊ ကွမ်းခြံကုန်းမြို့နယ်ရုံး၊ တွံတေးမြို့နယ်ရုံးနှင့် ထူးချွန်ဝန်ထမ်းဆုရရှိသောဆိပ်ကြီးခနောင်တိုမြို့နယ်ရုံးတို့မှ အငယ်တန်းစာရေး ဦးသန့်ဇင်မြင့်တို့အား ခရိုင်ဦးစီးအရာရှိဦးတင်မောင်အေးက ဂုဏ်ပြုဆုများ ပေးအပ်စဉ်။
(ခရိုင် ပြန်/ဆက်)

ကျောက်မဲမြို့နယ်တွင်နယ်လှည့်စာကြည့်တိုက်ဖွင့်

ကျောက်မဲ ဖေဖော်ဝါရီ ၁၃

ကျောက်မဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်း၍ နယ်လှည့်စာကြည့်တိုက်၊ ဓာတ်ပုံနှင့် နံရံကပ်စာစောင်ပြပွဲကို ဇန်နဝါရီ ၂၁ရက်က မန်လွယ်၊ မော်အောက် ကျေးရွာအမကကျောင်းတွင် ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်ကို၊ ခရိုင်ပညာရေးမှူးဦးဟောက်ရှန်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းနော်ခမ်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအပြီးတွင် ခရိုင်ဦးစီးအရာရှိနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးတို့က ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် လုပ်ငန်းလမ်းစဉ်ခုနစ်ရပ်တို့ကို ဟောပြောကြပြီး ကျေးရွာသူ ကျေးရွာသားများနှင့် ဧည့်သည်များက ပြခန်းအတွင်း ကြည့်ရှုကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ပခုက္ကူမြို့ အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစု ရွှေကူဆောင်တိုးချဲ့(၂)ဖွင့်ပွဲ အခမ်းအနားကို ပခုက္ကူမြို့ အမှတ်(၁၁)ရပ်ကွက် မြိုင်လမ်းတွင် ဖေဖော်ဝါရီ ၇ ရက်က ကျင်းပရာ ဗိုလ်မှူးကြီးစိန်ဝင်းက တိုးချဲ့ဆောင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်းနှင့် အသင်းစု ဥက္ကဋ္ဌဦးသောင်းလှိုင်တို့က အဆောင်သစ်ကို ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြစဉ်။
(က–ပ)

တောင်ငူခရိုင်ဥက္ကဋ္ဌ နန်ချွန်-စိုင်တမော့ကျောက်ချောလမ်းဖွင့်

ရေတာရှည် ဖေဖော်ဝါရီ ၁၀

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရေတာရှည် မြို့နယ်စည်ပင်သာယာရေး အဖွဲ့က ၂၀၀၃–၂၀၀၄ခု ဘဏ္ဍာရေးနှစ်အတွင်း တာဝန်ယူဆောင်ရွက်သည့် နန်ချွန်–စိုင်တမော့ကျောက်ချောလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က လမ်းထိပ်မုခ်ဦးတွင် ကျင်းပရာ တောင်ငူခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲမြင့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။**(အပေါ်ဝဲပုံ)**

အဆိုပါလမ်းမှာ ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖြစ်ပြီး အရှည်ပေ ၁၉၀၀၊ အကျယ် ၁၀ ပေ ဖောက်လုပ်ခြင်းဖြစ်ပြီး အဖွဲ့ရန်ပုံငွေ ၁၈ သိန်း၊ ပြည်သူထည့်ဝင်ငွေ ၁၀ သိန်းအကုန်အကျခံ၍ ဖောက်လုပ်သော လမ်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

လမ်းလယ်ပန်းခုံအလှဆင်

ဗန်းမော် ဖေဖော်ဝါရီ ၅

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် ဝန်ထမ်းများ ဖေဖော်ဝါရီ ၃ ရက်က ဗိုလ်ချုပ်လမ်းရှိ လမ်းလယ်ပန်းခုံများအတွင်း မြေယာရှုခင်းအလှဆင်လုပ်ငန်းများဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးကျေးရွာ၌ သက်သာအရောင်းဆိုင်ဖွင့်

ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၅

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန အခြေခံစားကုန်သက်သာအရောင်းဆိုင်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးကျေးရွာရှိ ဗဟိုလေ့ကျင့်ရေးဌာန အရောင်းဆိုင်ရှေ့တွင် ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန ကျောင်းအုပ်ကြီးရဲမှူးချုပ်ခင်မောင် တက်ရောက်ဖွင့်လှစ်သည်။

အခမ်းအနားသို့ ကျောင်းအုပ်ကြီး ရဲမှူးချုပ်ခင်မောင်၊ ဒုတိယကျောင်းအုပ်ကြီးရဲမှူးကြီး ကျော်ဌေးနှင့်ဇနီး၊ နည်းပြချုပ် ဒုတိယရဲမှူးကြီး မြင့်ဆွေ နှင့် ရဲအရာရှိများ၊ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များမိသားစုများ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ဒုတိယကျောင်းအုပ်ကြီးရဲမှူးကြီးကျော်ဌေးက အခြေခံစားကုန်သက်သာအရောင်းဆိုင်ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းအုပ်ကြီး ရဲမှူးချုပ်ခင်မောင်က အခြေခံစားကုန်သက်သာအရောင်းဆိုင်ကို ဖွင့်လှစ်ပေးသည်။ **(က–ပ)**

မင်္ဂလာဆောင်ခံပွဲ ကျေးဇူးတင်လွှာ

ရပ်စောက်မြို့၊ တောင်ကွက်သစ်၊ အေးရိပ်သာလမ်း၊ အမှတ် (၂၈၃)နေ
ဦးဥာဏ်ထွန်း-ဒေါ်ရွှေတုတ်(ရွှေဘိုဆိုင်)တို့၏သားငယ်
ဗိုလ်အောင်စံလင်း B.Sc (D.S.A)
တပ်မတော်(လေ)
နှင့်
ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊
အောင်မင်္ဂလာလမ်း၊ ကုန်းမြင့်ရိပ်သာ (၇မိုင်) အမှတ်(၄၈)နေ
ဒုတိယဗိုလ်မှူးကြီး ခင်မောင်ရီ (ငြိမ်း) ညွှန်ကြားရေးမှူး၊ စွမ်းအင်ဝန်ကြီးဌာန-
ဒေါ်နုနုရီတို့၏ တစ်ဦးတည်းသောသမီး
မလှယဉ်ဝင်း B.Sc (Chemistry)

တို့၏ ၁၂-၂-၂၀၀၄ ရက်တွင် နေအိမ်၌ လက်မှတ်ရေးထိုးပေးသော ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်အား လည်းကောင်း၊ ၁၄-၂-၂၀၀၄ ရက်တွင် Dusit Inya Lake Hotel ၌ ကျင်းပသော မင်္ဂလာညစာခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သောဆွေမျိုး မိတ်သင်္ဂဟများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်အောင်စံလင်း-မလှယဉ်ဝင်း။

ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး (၂၅၈၆) နှစ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် (၁၃၆၅-၆၆) ၂၀၀၄

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယ ပွဲတော်ကြီးကို ယခုလာမည့် ၁၃၆၅-၆၆ ခု၊ တန်ခူးလဆန်း (၁၀) ရက် (၃၀-၃-၂၀၀၄)ရက် အင်္ဂါနေ့မှ တန်ခူးလပြည့်ကျော် ၄ရက်(၈-၄-၂၀၀၄)ရက် ကြာသပတေးနေ့အထိ ၁၀ရက်တိုင်တိုင် ကျင်းပပါမည်။

ပျော်ပွဲရွှင်ပွဲအတွက် မြေနေရာများကို ၂၈-၂-၂၀၀၄ ရက်တွင် လည်းကောင်း၊ ဈေးဆိုင်နေရာများကို ၁၄-၃-၂၀၀၄ရက်တွင် လည်းကောင်း၊ နံနက် ၁၀နာရီအချိန်တွင် ဂေါပကအဖွဲ့ရုံး၌ လေလံတင်ရောင်းချပါမည်။

အသေးစိတ်အချက်အလက်များသိလိုပါက ဂေါပကရုံးတွင် ရုံးချိန် အတွင်း စုံစမ်းနိုင်ပါသည်။

ဂေါပကအဖွဲ့
ဖုန်း-၀၅၂-၂၁၀၆၈
၀၅၂-၂၄၂၅၅

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၊ ပင်မရေနံ သိုလှောင် ဖြန့်ဖြူးရေးဌာနကြီး(က)အဆင့်၊ ဓနိတောရှိ မီးထိုးဆီပျက်အဆင့်ချ ရေနံချေး ၁၇၈၃၂ ဂါလန် (ပီပါခွံအပါအဝင်) အား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပါသဖြင့် ချိပ်ပိတ်တင်ဒါများ ပေးသွင်းနိုင်ကြောင်း ကြော်ငြာ အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းပုံစံရောင်းချမည့်-
(က) နေ့ရက် - ၁၈-၂-၂၀၀၄
(ခ) နေရာ - ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (က) အဆင့်၊ဓနိတော၊အထွေထွေမန်နေဂျာရုံး
(ဂ) တင်ဒါတစ်စောင်ဈေးနှုန်း - ၅၀၀၀ိ/(ကျပ်ငါးထောင်)
(ဃ) တင်ဒါပိတ်မည့်ရက်-၂၅-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) ၁၄:၀၀ နာရီ

၃။ တင်ဒါတင်သွင်းသူသည် တင်ဒါဆွဲဝယ်ယူခွင့် စပေါ်ငွေ ၅၀၀၀၀ိ/ (ကျပ်ငါးသိန်းတိတိ)ကို ငွေသားဖြင့် ပေးသွင်းရမည်။

၄။ ဝယ်ယူခွင့်ရရှိပြီးပါက ခုနစ်ရက်အတွင်း မိမိအစီအစဉ်ဖြင့် ပြီးစီးအောင် ထုတ်ယူရမည်။

ချိပ်ပိတ်တင်ဒါရောင်းချရေးကော်မတီ
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(က)အဆင့်၊ဓနိတော

United Paints Group Co.,Ltd.
၁။ Engineering Support Executive ... /B.Tech/
၂။ Transport Assistant Officer
၃။ Store Keeper

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရွှေဘိုမြို့ အမှတ် (၁)ရပ်ကွက် ဘူတာ (က)ရပ်နေ ဦးသက်နိုင်ဦး (၅/ ရဘန (နိုင်) ၁၀၁၉၅၉)က အောက်တွင်ဖော်ပြပါတံဆိပ်၊ အမည်၊ အမှတ် အသားများကို ရွှေဘိုမြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် တစ်ဦးတည်း မူပိုင်အဖြစ် သုံးစွဲရန်မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

ရတနာဦး YTNO

မှတ်ပုံတင်အမှတ်၁/၂၀၀၄

အထက်ပါကုန်အမှတ်တံဆိပ်ဖြင့် ကျောက်စရစ်၊ ခဲ၊ သဲ၊ ဖြူးစုပ်ပန့် အမျိုးမျိုးနှင့် ရေပန့်အမျိုးမျိုးတို့ကို "သက်နိုင်ဦးနှင့်ညီများ၊ ရတနာဦး စက်မှု လက်မှုဖြူးစုပ်ခရလုပ်ငန်း"မှ ထုတ်လုပ်ပြီး မြန်မာပြည်အနှံ့အပြားသို့ ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။ မြစ်ကြီးနားမြို့တွင် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် "ဗီလူး"ကုန်မာဆိုင်မှ ဖြန့်ချိရောင်းချနေပါသည်။ ယခုအခါ ဆင်တူယိုးမှား ကုန်အမှတ်တံဆိပ်များဖြင့် ဖြူးစုပ်ပန့်များ၊ ရေပန့်များကို တွေ့ရှိနေရပါသည်။

သို့ဖြစ်ပါ၍ အထက်ပါကုန်အမှတ်တံဆိပ်အမည်၊ အမှတ်အသားများကို တစ်စိတ်တစ်ဒေသ ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူပြုလုပ်၍ဖြစ်စေ၊ ပုံတူကူး၍ဖြစ်စေ၊ ဖြူးစုပ်ရေပန့်များထုတ်လုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုရန် သတိပေး တားမြစ်လိုက်ပါသည်။ တားမြစ်ချက်ကို မလိုက်နာပါက တည်ဆဲတရားဥပဒေများအရ အရေးယူသွားမည် ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်သန်း (၆၀၅၂) **ဦးတင်နု (၂၆၅၉)**
တရားရုံးချုပ်ရှေ့နေ **တရားရုံးချုပ်ရှေ့နေ**
ဣန္ဒာရပ်၊ အမှတ် (၃) ရပ်ကွက် ရွှေဘိုမြို့၊ ဖုန်း-၀၇၅ ၂၁၁၀၄

ဒီကရီကို အတည်ပြုလုပ်ငန်း အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံးတော်၌

၂၀၀၃ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၁ နှင့် ဆက်သွယ်သည့် ၂၀၀၄ ခုနှစ်၊ တရားမဇာရီမှု အမှတ် ၂နှင့် ။

ဒေါ်ခင်စန်း နှင့် **ဦးအာဝှန်း**
ဒီကရီအနိုင်ရသူ **တရားရှုံး**

ဦးအာဝှန်း အမှတ်(၆၉)၊ ၉၃လမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာ တောင်ညွန့်မြို့နယ် (ယခုလိပ်စာမသိ) သိစေရမည်။

၂၀၀၃ခုနှစ် တရားမကြီးမှုအမှတ် ၂၁ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်ခင်စန်း (တရားနိုင်)က လျှောက် ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ် တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြ ချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၂၅ရက် (၁၃၆၅ခုနှစ် တပေါင်းလဆန်း ၆ ရက်) နေ့မွန်းမတည့်မီ ၁၁ နာရီ အချိန်တွင်း ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၁၃ရက်နေ့တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးအောင်မြင့်
မြို့နယ်တရားသူကြီး
မင်္ဂလာတောင်ညွန့်မြို့နယ်

သွင်းကုန်အစားထိုးအိမ်တွင်းစက်မှုလက်မှု ထုတ်ကုန်ပစ္စည်းပြပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

သမဝါယမဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် အိမ်တွင်း စက်မှုလက်မှု လုပ်ငန်း ဦးစီးဌာနသည် "သွင်းကုန် အစားထိုး အိမ်တွင်းစက်မှုလက်မှု ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဆွေးနွေးပွဲ ၂၀၀၄ ခုနှစ်"ကို ရန်ကုန်မြို့ မြောက် ဥက္ကလာပမြို့နယ် သုဓမ္မာ လမ်းမကြီး ပေါ်၌တည်ရှိသော အိမ်တွင်းစက်မှု လက်မှုလုပ်ငန်းဦးစီးဌာန (ရုံးချုပ်)ဝင်း အတွင်း ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၂ ရက်အထိနေ့စဉ်နံနက် ၉ နာရီမှ ညနေ ၆ နာရီထိကျင်းပရန် စီစဉ် လျက်ရှိသည်။

အဆိုပါပြပွဲတွင် စက်မှုကုန်ထုတ် သမဝါယမအသင်းများ၊ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းမှတ်ပုံတင် လုပ်ငန်းရှင်များ၊ စက်မှုဇုန်များနှင့် ပုဂ္ဂလိက စက်မှုလုပ်ငန်းများမှ ပါဝင်ပြသရန် စီစဉ်ထားသည်။

ပြပွဲတွင် သွင်းကုန်အစားထိုး ကုန် ထုတ်လုပ်ထားသည့် စက်ပစ္စည်း၊ ကုန် ပစ္စည်းများ၊ နိုင်ငံတော် စီမံကိန်းကြီး များသို့ ပံ့ပိုးကူညီဆောင်ရွက်ပေးနေ သည့် စက်ပစ္စည်းများ၊ စက်အရန် ပစ္စည်းများ၊ တီထွင်ထုတ်လုပ်ထား သော ထုတ်ကုန်ပစ္စည်းအသစ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုစက်ပစ္စည်းများ၊ လယ်ယာသုံး စက်ကိရိယာများ၊ စက်မှု ဇုန်များမှ ထုတ်လုပ်သော မော်တော် ယာဉ်များ ခင်းကျင်းပြသမည်ဖြစ် သည်။ အဆိုပါ စက်ပစ္စည်းများကိုပြ သခြင်း၊ ရောင်းချခြင်းနှင့် ထုတ်လုပ် ရောင်းချရေးအတွက် အမှာစာဖြင့် ရောင်းချရေးများ ထည့်သွင်းဆောင် ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် ပွဲတော် ကာလအတွင်း စက်မှုလက်မှုလုပ်ငန်းဆိုင်ရာ စာတမ်း ဖတ်ပွဲနှင့် ဆွေးနွေးပွဲများကိုလည်း ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆိုအခမဲ့ တက်ရောက်လေ့လာ ဆွေးနွေးနိုင်ကြောင်းနှင့် ကုန်ထုတ်လုပ်မှု ဆိုင်ရာ နည်းပညာများ၊ အကြံဉာဏ် များရယူ နိုင်သည်။

ပွဲတော်တွင် ပါဝင်ခင်းကျင်းပြသ ရောင်းချလိုသူများသည် သွင်းကုန် အစားထိုး အိမ်တွင်း စက်မှုလက်မှု ထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဆွေးနွေးပွဲ ၂၀၀၄ ခုနှစ် ကျင်းပရေးဦးစီးကော်မတီ ဖုန်း-၀၁-၆၆၁၀၇၆၊ ၆၆၃၈၅၈၊ ၆၆၂၉၅၆ တို့သို့တိုက်ရိုက်ဆက်သွယ် နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နယ်လှည့်စာကြည့်တိုက်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင် က ကြီးမှူး၍ ဖေဖော်ဝါရီ ၁ ရက်က ဒဂုံမြို့နယ်ပြည်လမ်းအနောက်ရပ်ကွက် အမှတ်(၆၇)၊ခရေပင်လမ်း၊ဗဟိုသားဖွား သင်တန်းကျောင်းခန်းမတွင် ကျင်းပရာ ခရိုင်ဦးစီးအရာရှိဦးစိန်တိုးနှင့် ရပ်ကွက် ဥက္ကဋ္ဌ ဦးခင်လှိုင်ထွဏ်းတို့က ဖဲကြိုး ဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဦးစိန်တိုးက မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး၊လူငယ်နှင့်အနာဂတ် တာဝန်၊ နယ်လှည့်စာကြည့်တိုက် အကြောင်းကို ဟောပြောသည်။

(ခရိုင် ပြန်/ဆက်)

ဖေဖော်ဝါရီ ၁၂ရက်က ရန်ကုန်မြို့ တော်ဝန် ဖလား အမျိုး သား၊အမျိုးသမီး ဘော် လီ ဘော ပြိုင်ပွဲ ဗိုလ်လုပွဲ ကို မြို့တော်စည်ပင် မိုးလုံလေလုံ အားကစားရုံတွင် ကျင်းပရာ အမျိုး သား ပြိုင်ပွဲတွင် ပထမ ရရှိသွား သည့် ကာကွယ် ရေး (လူငယ်) အ သင်း အား ရန်ကုန်မြို့တော် စည်ပင် သာယာ ရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော် ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း က ဆုဖလားနှင့် ငွေကျပ်နှစ်သိန်း ချီးမြှင့်စဉ်။(၂၁၀)

ဇန်နဝါရီ ၃၁ ရက်က အမှတ် ၄၉(ဘီ)ပထမထပ် မြေနီကုန်းဈေး လမ်း စမ်းချောင်းမြို့နယ်နေ အငြိမ်းစား ကျောင်းအုပ်ကြီးဦးမောင်မောင်က (၈၄) နှစ်မြောက်မွေးနေ့ကို ရည်စူး၍ အလှူ ငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိ ယတ္တိစာသင်တိုက် သုဒဿနလမ်း၊ ၁၆/၂ ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ် ရှိ နာရေးကူညီမှု အသင်း (ရန်ကုန်) အသင်းရုံးသို့ လာရောက် လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဒေါ်ဥမ္မာစိုးက လက်ခံ ရယူစဉ်။

(က-ပ)

ကျောင်းစာကြည့်တိုက်ဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အမက(၁၈)တို့ ပူးပေါင်းဖွင့်လှစ်သော အမက (၁၈) ကျောင်း စာကြည့်တိုက်ဖွင့်ပွဲနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်နှင့် ဟောပြောပွဲတို့ကို အဆိုပါ ကျောင်းခန်းမ၌ ဖေဖော်ဝါရီ ၇ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ရီရီရှိန်က စာဖတ်ခြင်းအကျိုးကျေးဇူးနှင့် စာကြည့်တိုက်ဆိုင်ရာ သိကောင်းစရာများ ဟောပြောပြီး အမက(၁၈) ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်နွဲ့ဝင်းက ကျေးဇူးတင်စကားပြောကြားကာ ကျောင်းစာကြည့် တိုက်အား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးနှင့် ကျောင်းအုပ် ဆရာမကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရေကန်ပတ်ဝန်းကျင်သန့်ရှင်း

မြင်းခြံ ဖေဖော်ဝါရီ ၈

မြင်းခြံမြို့နယ် သင်ပြွန်းကျေးရွာ အုပ်စု၊ ညောင်ပင်ကျေးရွာတို့တွင် ကျေးလက်နေ ပြည်သူများ သောက် သုံးရေဖူလုံစွာရရှိရေးအတွက် ရေကန် အတွင်းသို့ဝင်သော မြောင်းနှင့် ပတ် ဝန်းကျင် ရှင်းလင်းရေး လုပ်ငန်းကို ဇန်နဝါရီ ၁၈ရက်က ပြုလုပ်ရာတာဝန်ရှိ သူများနှင့်ကျေးရွာသူ ကျေးရွာသားများ အင်အား ၇၅၅ဦး ပါဝင်ဆောင်ရွက် ကြကြောင်း သိရသည်။

(၄၀၂)

ဗိုလ်တထောင်စေတီတော်

ဗိုလ်တထောင်စေတီတော်ကြီးကို ရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်လျက်ရှိရာ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလအကုန် တပေါင်းလဆန်းတွင် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်မှု ပြီးစီးတော့မည်ဖြစ်ပါသည်။

ရွှေသင်္ကန်း ကပ်လှူပူဇော်မှု ပြီးစီးအောင်မြင်ရန် ရက်ပိုင်းမျှသာလိုပါတော့သည်။ ကြုံတောင့်ကြုံခဲ အခါသမယတွင် ရွှေသင်္ကန်းမလှူရသေးသော သူတော်စင်များအချိန်မီအခါမီ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ထပ်မံနှိုးဆော်ပန်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းနိုင်ရန်

ဂေါပကအဖွဲ့ ဖုန်း -၂၉၂၁၆၉

ရုံးအဖွဲ့မှူး ဖုန်း -၂၀၁၇၆၄



အမည်မှန်

နိုင်ငံသားစိစစ်ရေး အမှတ် ၁၂/ကမရ(နိုင်) ၀၄၅၆၇၉ ကိုင်ဆောင်သူ ဒေါ်ကလာရ်ဘဲလ်အမည်နှင့်ဒေါ်ခွင်ရီ အမည်သည် တစ်ဦးတည်းသာ ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ကလာရ်ဘဲလ်(ခ)ဒေါ်ခွင်ရီ။



ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ကြော်ငြာစာအမှတ် ၉/၂၀၀၄
(၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)
လျှောက်လွှာခေါ်ယူခြင်း

၁။ သမဝါယမဝန်ကြီးဌာန၊ ယွန်းပညာကောလိပ်(ပုဂံ)တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာများအလိုရှိပါသည်။

စဉ်	ရာထူး		ပညာအရည်အချင်း	လစ်လပ်
(က)	လက်ထောက်မော်ကွန်းထိန်း	-	တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ	၁ နေရာ
(ခ)	စာကြည့်တိုက်မှူး	-	တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး စာကြည့်တိုက်ပညာဒီပလိုမာရရှိသူ	၁ နေရာ
(ဂ)	ဌာနခွဲမှူး	-	မဟာသိပ္ပံဘွဲ့(ဓာတုဗေဒ) သို့မဟုတ်(ကုန်ထုတ်ဓာတုဗေဒ)	၁ နေရာ
(ဃ)	လက်ထောက်ကထိက (ပန်းချီ/ပန်းပု)	-	ဝိဇ္ဇာဘွဲ့(ပန်းချီ/ပန်းပု) ရရှိပြီးမဟာဝိဇ္ဇာအရည်အချင်း စစ်သင်တန်းတက်ရောက်ရန် အဆင့်မီသူ	၁ နေရာ
(င)	လက်ထောက်ကထိက (ဓာတု/ကုန်ထုတ်)	-	မဟာသိပ္ပံဘွဲ့(ဓာတုဗေဒ) သို့မဟုတ် (ကုန်ထုတ်ဓာတုဗေဒ)	၁ နေရာ
(စ)	လက်ထောက်ကထိက(မြန်မာစာ)	-	မဟာဝိဇ္ဇာဘွဲ့(မြန်မာစာ)	၁ နေရာ
(ဆ)	လက်ထောက်ကထိက(အင်္ဂလိပ်စာ)	-	မဟာဝိဇ္ဇာ(အင်္ဂလိပ်စာ)	၁ နေရာ
(ဇ)	လက်ထောက်ကထိက(သမိုင်း)	-	မဟာဝိဇ္ဇာဘွဲ့(သမိုင်း)	၁ နေရာ
(ဈ)	လက်ထောက်ကထိက(သင်္ချာ)	-	မဟာသိပ္ပံဘွဲ့(သင်္ချာ)	၁ နေရာ
(ည)	လက်ထောက်ကထိက(ပထဝီ)	-	မဟာဝိဇ္ဇာဘွဲ့(ပထဝီ)	၁ နေရာ
(ဋ)	လက်ထောက်ကထိက(ဘောဂဗေဒ)	-	မဟာစီးပွားရေးပညာဘွဲ့(ဘောဂဗေဒ)	၁ နေရာ
(ဌ)	လက်ထောက်ကထိက (စာရင်းအင်းပညာ)	-	မဟာစီးပွားရေးပညာဘွဲ့(စာရင်းအင်း)	၁ နေရာ
(ဍ)	လက်ထောက်ကထိက (စာရင်းကိုင်ပညာ)	-	မဟာဝါဏိဇ္ဇဘွဲ့	၁ နေရာ
(ဎ)	လက်ထောက်ကထိက (စီးပွားစီမံခန့်ခွဲမှု)	-	စီးပွားရေးလုပ်ငန်း၊စီမံခန့်ခွဲမှုမဟာဘွဲ့	၁ နေရာ
(ဏ)	လက်ထောက်ကထိက(ကွန်ပျူတာ)	-	မဟာကွန်ပျူတာသိပ္ပံဘွဲ့ သို့မဟုတ် မဟာကွန်ပျူတာနည်းပညာဘွဲ့	၁ နေရာ

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၉-၃-၂၀၀၄ နေ့တွင် အသက် ၃၅ နှစ်(ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်) ထက်မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကိုဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၉-၃-၂၀၀၄ နေ့အရောက်ပေးပို့ရမည်။

၄။ ရာထူးတစ်မျိုးထက်ပို၍ လျှောက်လွှာတင်သွင်းလိုပါကရာထူးတစ်မျိုးစီအတွက် ဝင်ကြေးငွေ ၅၀/- ကို သီးခြားပေးသွင်းပြီး ရာထူးအလိုက် လျှောက်လွှာသီးခြားတစ်စောင်စီတင်သွင်းရမည်။

၅။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေး ငွေ၅၀/ ပေးသွင်းရမည့် နည်းလမ်း၊ ရေးဖြေ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက် အမှတ် ၁/၉၁ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့် အညီလိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၆။ **ရန်ကုန်မြို့နှင့်မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာဖော်ပြရမည်။

၇။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၉-၃-၂၀၀၄ နေ့အရောက်ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၈။ ၂၀-၃-၂၀၀၄ နေ့နှင့် ၂၁-၃-၂၀၀၄ နေ့များတွင် အရည်အချင်းစစ်ရေးဖြေစာမေးပွဲကျင်းပမည်။ ၁၈-၃-၂၀၀၄ နေ့မှစ၍ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၉။ စုံစမ်းမေးမြန်းလိုပါက ပြည်နယ်/တိုင်း၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ပြည်နယ်/တိုင်း မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးများတွင်ဖြစ်စေ၊ ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် (၃၇၈၁၆၃)သို့ ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုခဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
မန္တလေးတိုင်းတရားရုံးတော်၌
၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၂၀

ဒေါ်နန်းအေးတွမ်း (၄င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးအောင်ဝင်း) **နှင့်** ၁။ ဦးခင်မောင်သိန်း ၂။ ဒေါ်ရီလေး ၃။ ဦးချစ်ပိုင်

တရားလို **တရားပြိုင်များ**

ဦးခင်မောင်သိန်း(ဘ)ဦးခင်မောင် အမှတ် ၂၀၃၊ အောင်ခေမာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ယခုနေရပ်လိပ်စာမသိ)နှင့် ဦးချစ်ပိုင်(ဘ)ဦးဘဝက်၊ အမှတ် ၁၁၁၆၊ သုဓမ္မာ ၅ လမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလိုက ဟိုတည်တည်းခိုခငွေကျပ် ၃၁၆၇၃၀၀ ရလိုမှုနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၄ ခုနှစ် မတ်လ ၃ ရက်(၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၁၃ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင်သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်၊ သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကိုသင်နှင့်အတူယူဆောင် လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သိန်းထွန်း
တွဲဖက်တိုင်းတရားသူကြီး(၇)
မန္တလေးတိုင်းတရားရုံး

ရောင်းရန်ကြော်ငြာ

တရားမကျင့်ထုံး ကိုခဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
ရန်ကုန်တိုင်းတရားရုံး၊ တွဲဖက်တိုင်းတရားသူကြီး(၉)ရုံး
၂၀၀၃ ခုနှစ် တရားမဇာရီမှု အမှတ် ၂၂၈

ဒေါ်ရှင်ရှင် အမှတ် ၃၀၊ အိမ်ကြီးလမ်း၊ အမှတ်(၉)ရပ်ကွက်၊ ရေကျော် ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ နှင့် ၁။ ဦးခင်မောင်စိုး အမှတ် ၁၀၇၊ ၁၉ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့ ၂။ ဒေါ်တင်မြင့် အမှတ် ၁၆၊ ကသစ်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့

တရားနိုင် **တရားရှုံးများ**

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၁၄၂/၂၀၀၁ အမှုတွင်ရရှိခဲ့သော အနိုင်ဒီကရီအရ တရားနိုင်နှင့် တရားရှုံးများ ပူးတွဲပိုင် ပစ္စည်းများ၏ သုံးပုံတစ်ပုံကို တရားနိုင်ရယူနိုင်ရန်အတွက် အောက်တွင် ဖော်ပြထားသော ပစ္စည်းများကို (၂၀၀၄ ခုနှစ် ဧပြီလ ၇ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင်) ပစ္စည်းတည်ရှိရာနေရာတွင် လေလံတင်ရောင်းချလိမ့်မည်။

လေလံဆွဲဝယ်ယူလိုသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က တရားဝင်လွှဲ အပ်ထားသည့် ကိုယ်စားလှယ်အဖြစ်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြော်ငြာ လိုက်သည်။

ပစ္စည်းစာရင်း

